ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်၊ ဗုဒ္ဓဟူးနေ့၊ (19-1-2011) (ဖြေ၄၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။
- ☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် အညာဖျား ရေအားလျှပ်စစ်စီမံကိန်းတို့ B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၁၈

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် စွမ်းအားသစ်အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်တို့ B.O.Tစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ်နှင့် သဘာဝစွမ်းအင်လှိုင်း ကုမ္ပဏီလီမိတက်နှင့် B.O.Tစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အညာဖျား ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးရှာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ စွမ်းအားသစ် အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ သဘာဝစွမ်းအင်လှိုင်း ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် စွမ်းအားသစ်အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးခိုင်ဦးနှင့် သဘာဝစွမ်းအင်လှိုင်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဦးတို့က ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်းအား B.O.Tစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပဋိညာဉ်စာချုပ်ကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် စွမ်းအားသစ်အိုအေစစ် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် အုပ်ချုပ်မှု ဒါရိုက်တာ ဦးခိုင်ဦးတို့က လည်းကောင်း၊ အညာဖျားရေအားလျှပ်စစ်စီမံကိန်းအား B.O.Tစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပဋိညာဉ်စာချုပ်ကို ရေအားလျှပ်စစ်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် သဘာဝစွမ်းအင်လှိုင်း ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဦးတို့က လည်းကောင်း လက်မှတ်ရေးထိုးကြပြီး ပဋိညာဉ်စာချုပ်များကို အပြန်အလှန် လဲလှယ်ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

လက်မှတ်ရေးထိုး

အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ ကော်လံ ၅ သို့ ◆

မြေမှန် The Mirror
၁၉-၁-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

အနာဂတ်ကိုမျှော်ရည် တက်ညီလက်ညီရှေ့သို့ချီ

မြန်မာနိုင်ငံသည် တည်ငြိမ်အေးချမ်းမှုရှိပြီး ကမ္ဘာ့အလယ်၌ ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်မည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။ အေးချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့သည် ဒီမိုကရေစီနှင့် ဒွန်တွဲဖြစ်ပေါ်နေသည့် အခြေခံအကြောင်းတရားများဖြစ်သည်။

နိုင်ငံတော် တည်ဆောက်ခြင်းသည် စိတ်ကူးယဉ်အယူအဆ သက်သက်ဖြင့် ရရှိနိုင်သည်မျိုးမဟုတ်ပေ။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး၏ သမိုင်းကြောင်းအစဉ်အလာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ စရိုက်လက္ခဏာများနှင့် ပကတိအရှိတရားပေါ်တွင် အခြေခံပြီးလက်တွေ့ကျကျ အကောင်အထည်ဖော်ရခြင်းဖြစ်သည်။ ပြည်ထောင်စုကြီး တစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေး ရေတို ရေရှည်စီမံကိန်းများ ချမှတ်ပြီး အရှိန်အဟုန်ဖြင့် တည်ဆောက်ရခြင်းဖြစ်သည်။

နှစ်ပေါင်း (၂၀)ကျော်ကာလအတွင်း မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ခဲ့ပြီ။ ယနေ့ နိုင်ငံ၏အခြေအနေသည် ခေတ်သစ်ဆီ စနစ်သစ်တစ်ခုဆီ ကူးပြောင်းနိုင်မည့် လမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီ။ ညင်သာချောမွေ့စွာ ကူးပြောင်းနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄) ခုကို ဗဟိုပြုပြီး ပြည်ထောင်စုတစ်ဝန်း ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးထားပြီ။ စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများရရှိစေရေး ဖြည့်ဆည်းပေးနေပြီ။

သာဓကအားဖြင့် နိုင်ငံအတွင်း တိုင်းရင်းသားအချင်းချင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည့် လမ်းပန်းဆက်သွယ်မှု လုပ်ငန်းများ အလေးထားဆောင်ရွက်ခဲ့ပြီ။ သဘာဝပထဝီအနေအထားအရ မြစ် ချောင်း အင်းအိုင်၊ ရိုးမတောင်တန်းကြီးများ ကာဆီးမှုကိုကျော်လွှား၍ လမ်းကွန်ရက်များ ဖောက်လုပ်ထားပြီ။ တောင်-မြောက်သွယ်တန်း ဖောက်လုပ်ထားသည့် ပြည်ထောင်စုလမ်းမကြီး ၃၆လမ်း၊ အရှေ့-အနောက် ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းမကြီး ၄၅လမ်းတို့ကြောင့် တိုင်းရင်းသားချင်း အနေနီး၍ စည်းလုံးညီညွတ်မှု ပိုမိုရရှိလာကြပြီ။

မော်တော်ကားလမ်းကွန်ရက်များ သာမက မီးရထားလမ်းကွန်ရက်များပါ ဖောက်လုပ်လျက်ရှိရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်အားလုံး ချိတ်ဆက်သွားလာနိုင်လျက်ရှိသည်။ မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမှသည် တောင်ဖျားရှိ ကော့သောင်းမြို့အထိသွားလာနိုင်ပြီ။ နိုင်ငံအရှေ့ဖျားရှိ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့များမှသည် အနောက်ဖျားရှိ စစ်တွေအထိ အလွယ်တကူ ခရီးပေါက် သွားရောက်နေကြပြီ။

နိုင်ငံတော်က ကဏ္ဍအလိုက်အချိန်၊ လုပ်အား၊ ဘဏ္ဍာငွေများစွာ ရင်းနှီး၍ အခြေခံကောင်းများကို တည်ဆောက်ပေးထားပြီ။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး မျှော်မှန်းသည့် နိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေး အခြေအနေကောင်းများကို တွေ့မြင်နေရပြီ။ ယနေ့ အချိန်အခါသည် နိုင်ငံတော်၏ အနာဂတ်ခရီးအတွက် အရေးကြီးသည့် အသွင်ကူးပြောင်းစ အချိန်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်မှုအစဉ်အလာကောင်းများနှင့်အတူ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဂေါက်သီးကစားပွဲ ဖြစ်မြောက်ရေး ကော်မတီမှ ကြီးမှူး၍ ပဉ္စမအကြိမ်မြောက် အင်ဂျင်နီယာများ စုံညီဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့တော် ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ကျင်းပမည် ဖြစ်ရာ ဂေါက်သီးဝါသနာရှင် အင်ဂျင်နီယာများ အားလုံး ပါဝင်ကစားကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အင်ဂျင်နီယာများ ဂေါက်သီးရိုက်ပြိုင်ပွဲများ ဖြစ်မြောက်ရေးအတွက် ကုမ္ပဏီများမှ မိတ်ဆက်ပေးလိုသော Products များ၊ လက်ဆောင်များကို ပါဝင်ကစားကြသူများအား ကံစမ်းမဲဖောက်ခြင်းများလည်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဗိုလ်မှူးကြီးညဏ်ထွန်းဦး (ငြိမ်း) ဖုန်း-၀၉-၅၁၉၂၀၆၂၊ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးစိုးလွင် (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း) ဖုန်း-၅၁၉၆၇၃-၆ (Ext-211) နှင့် ဦးခင်အေး (ရုံးအဖွဲ့မှူး GTI ကျောင်းသားဟောင်းများအဖွဲ့) ဖုန်း-၅၁၉၈၆၃ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက် ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ကျန်းမာပျော်ရွှင် မီးအိမ်ရှင်စာအုပ် ထုတ်ဝေဖြန့်ချိခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ တာခွသရက်ချောင်းလမ်းရှိ အေးချမ်းသာပရဟိတ ကျောင်းမှ မိဘမဲ့ကလေးများအတွက် အဝတ်အထည်၊ အသုံးအဆောင်များနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပို့ဆောင်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများ၊ တက္ကသိုလ်နှင့် ကောလိပ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒေသတာဝန်ခံများက ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ စွမ်းအားပြည့်လုပ်ငန်းများဆောင်ရွက်နိုင်ရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းဆိုင်ရာများကို ကြီးကြပ်စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်က သုံးသပ်တင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်က ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ သုံးသပ်တင်ပြသည်။

ယင်းနောက် ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

လုပ်ငန်းညှိနှိုင်း

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပုဗ္ဗသီရိမြို့နယ် ပုဗ္ဗသီရိဈေးကြီး၌ မီးဘေးအသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

နိုင်ငံပိုင်စက်ရုံအလုပ်ရုံလုပ်ငန်းဌာန ဈေးကြီးများ၌ မီးဘေးအန္တရာယ် ကင်းဝေးစေရေးလုပ်ငန်းစီမံချက်အရ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ပုဗ္ဗသီရိဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ခြင်းကို ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းက မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ရန် နည်းလမ်းများနှင့် မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုနည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဓာတုဗေဒပေါင်ဒါမှုန့် မီးသတ်ဆေးဘူးများ အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၈

သောင်ဒူးရွာသားလေး မောင်ထူးကျော်၏ ဝဋ္ဋနာကံနာအရှင်းပျောက်စေခဲ့သည့် စေတနာရှင်များ၏ ကြိုးပမ်းမှု ရလဒ်သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၆၂)ကို ဖြန့်ချိလိုက်သည်။

ခင်မောင်ညို(ဘောဂဗေဒ)၏ ဘောဂဗေဒနှင့်ကိုယ်ကျင့်တရား၊ ဘဏ်တိုးထက်ကိုက်မယ်ဟုယူဆ၍ ရွှေဝယ်သူများလာ၊ သက်တမ်း(၁၉)နှစ်ရှိ "CB" ဘဏ် ခိုင်မာလျက်ရှိဟုဆို၊ ကျပ်ငါးသိန်းတန်ဖုန်းများ အင်တာနက်အသုံးပြုခွင့်ရရန် ရွှေသံလွင်ကုမ္ပဏီမှ ဝန်ဆောင်မှုပေးမည်၊ အပျံသင်စသတင်းထောက်ငယ်များသို့ ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် ပြင်ဦးလွင်မြို့၏ ပြယုဂ်ရထားလုံးများ၊ ငှက်ဖျားဆေးနှင့် မတွဲသည့် ပြဿနာများ အရှေ့တောင်အာရှနိုင်ငံများတွင် ဖြစ်ပွား၊ အနုပညာရှင်များ လူမှုရေးလုပ်ငန်းများကို ပိုမိုစိတ်ဝင်စားလာ၊ သီရိလင်္ကာနိုင်ငံတွင် ပြုလုပ်မည့် သာသနာတော်သက္ကရာဇ် (၂၆၀၀) ပြည့် အခမ်းအနားသို့ မြန်မာနိုင်ငံမှ သွား ရောက်ပြသမည်၊ တောင်ကိုရီးယားက မြောက်ကိုရီးယား ပင်လယ်ရေပြင် နယ်နိမိတ်အနီး အာရုံခံကိရိယာများ တပ်ဆင်သွားမည်၊ အိုစမာဘင်လာဒင်၏ သားသမက်အပါအဝင် အယ်လ်ခိုင်ဒါ ၄၇ ဦးကို ဆော်ဒီအာရေဗျက အလိုရှိနေ၊ စစ်မျက်နှာစုံဖွင့်၍ စစ်ပွဲများဆင်နွှဲရန် အစ္စရေးပြင်ဆင်၊ အစ္စရေး၊ ဟားမားစ်နှင့် ဟစ်ဇ်ဘိုလာတို့ ပတ်လည်မှာ ဒုံးပျံတွေ စသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်းထုတ်ဝေနေပြီဖြစ်သည်။ (သတင်းစဉ်)

မြစ်ကြီးနားစည်ပင် မြေယာရှုခင်းအလှဆင်

မြစ်ကြီးနား ဇန်နဝါရီ ၁၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော ဆွမ်းပရာဘွမ်လမ်းမကြီးနှင့် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ မြေယာရှုခင်းအလှ ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၇ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင် (ဒုတိယညွှန်ကြားရေးမှူး) က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း၏ အဌမကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ရှိ Grand Ball Room ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ ဒေါက်တာတင်လှိုင်က အမှာစကား ပြောကြားပြီး အသင်းဥက္ကဋ္ဌ ကပ္ပတိန်ဦးမင်းစိန်က နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် အစီအစဉ်အတိုင်း အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာတို့ကို ဖတ်ကြားတင်သွင်းခြင်း၊ အသင်းသားများ၏ သိလိုသည်များ ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ သင်းလုံးကျွတ်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့်ကြောင့် မီးမလောင်ပါစေနှင့်

အထက(၄)တောင်ဥက္ကလာ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ယင်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဒေါ်ခင် ဌေးမြင့် ဖုန်း-၅၆၄၆၈၆၊ ၀၄၅-၄၅၅၇၇၊ ဒုတိယဗိုလ်မှူးကြီးမျိုးလွင်(ငြိမ်း) ဖုန်း-၀၉-၈၆၂၇၇၂၇၊ ဒေါ်ခင်ဝေကြည် ဖုန်း-၅၆၅၁၂၁၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀၃၂၇၇၉၊ ဦးသိန်းထွန်း ဖုန်း-၅၆၁၂၅၁၊ ဦးဝင်းလွင် ဖုန်း-၀၉-၄၉၂၅၉၅၇၈၊ ဒေါ်စမ်းစမ်းဝင်း ဖုန်း-၇၂၅၀၅၄၊ ကိုဝဏ္ဏစိုး ဖုန်း-၇၃၁၀၄၅၂၅၊ ကိုညီမင်း ဖုန်း-၇၃၀၈၂၈၇၄နှင့် ဒေါ်အေးအေးဆင့် ဖုန်း-၇၃၀၀၀၅၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အညာဖျား ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ် စာချုပ်နှင့် အညာဖျား ရေအားလျှပ်စစ်စီမံကိန်းအတွက် ပဋိညာဉ်စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

◆**ရွှေ့ဖုံးမှ**

ယနေ့ကျင်းပသော အခမ်းအနားသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ ဘီလူးချောင်းပေါ်တွင် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအား စွမ်းအားသစ်အိုအေစစ်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်က လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ အညာဖျားချောင်းပေါ်တွင် အညာဖျားရေအားလျှပ်စစ်စီမံကိန်းအား သဘာဝစွမ်းအင်လှိုင်း ကုမ္ပဏီလီမိတက်တို့က လည်းကောင်း B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယခင် အလက(၃)သာကေတ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

ယခင် အလက(၃) သာကေတ ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အလင်းရောင်ကျောင်းတိုက် (၁၀၈) တောင်ဘုရားလမ်း ၁၀/တောင်ရပ်ကွက်၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးသိန်းဝင်း ဖုန်း-၀၉-၅၁၀၃၈၉၅၊ ဦးမျိုးဝင်း ဖုန်း-၅၄၇၄၉၉၊ ဒေါ်တင်တင်အေး ဖုန်း-၅၄၇၀၇၂၊ ဒေါ်နုနုလှိုင် ဖုန်း-၀၉-၅၁၇၁၃၈၆၊ ဒေါ်အေးသိန်း ဖုန်း-၇၃၀ ၁၅၃၈၇နှင့် ဦးမြစိန် ဖုန်း-၀၉-၄၉၂၆၃၈၇၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ သုံးနှစ်ဆက်တိုက် ပထမဆုရရှိသော ပဉ္စမတန်းကျောင်းသူ မသိမ့်သိမ့်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးကြိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၄။ အဖွင့်သီချင်း
- ၄း၂၀ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၇။ ရွှေးဟောင်းသုတ
- ၄း၃၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၄၅ ၉။ မြန်မာ့ရှုခင်း
- ၄း၅၅ ၁၀။ မီးသတိပေးနှိုးဆော်ချက်
- ၅း၃၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၃၁)**
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၅။ Mail Box
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၃၉)
- ၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၄၈)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ကြိုက်သလောက်ပြော ကျသလောက်ရှင်း (သူရလင်း၊ ဇော်၊ ကျင်ဝှက်၊ ကျော်ထူး၊ ဝက်မ၊ ချစ်စု၊ ငွေတိုး၊ မိုးတိမ်၊ ရီရီပွင့်ဖြူ၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)] (အပိုင်း-၂) (ဇာတ်သိမ်း)
- ၂၃။ **Internet Website** ကဏ္ဍ/အိုင်စီတီသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၄၈)**
- ၂၆။ **ဘာတောဝါနေဘာရိ သတိ (အကယ်ဒမီဖိုးကျော်၊ နေဆန်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်းနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

တောင်ငူမြို့၌ မီးဘေးကာကွယ်ရေး ညှိနှိုင်းစည်းဝေး

တောင်ငူ ဇန်နဝါရီ ၁၈

တောင်ငူမြို့ မီးဘေးအန္တရာယ်ကာကွယ်ရေးအထောက်အကူပြုအဖွဲ့၏ ပွင့်လင်းရာသီ အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၅ ရက် မွန်းလွဲပိုင်းက ရွှေဆံတော်ဘုရား ဂေါပကရုံး၌ ကျင်းပရာ အဖွဲ့နာယက ဦးကျော်လှ(သမာဓိ)နှင့် ဥက္ကဋ္ဌ ဦးရဲဝင်း (ရွှေဝါ-ပဲဆီသန့်)တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ရှေ့လုပ်ငန်းစဉ်များအဖြစ် ပွင့်လင်းရာသီအမီ မီးသတ်မော်တော်ယာဉ်များ ကွဲခိုင်ကောင်းမွန်ရေး၊ မြို့ပေါ်နှင့် ရပ်ကွက်များရှိ မီးသတ်ရေစဉ်နှင့် ရေကန်များ ရေအပြည့်ဖြည့်ဆည်းထားရှိရေး၊ အိမ်တိုင်းမီးချိတ်၊ မီးကပ်၊ သဲနှင့်ရေများထားရှိရေး၊ မီးသတိပေးလှုံ့ဆော်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေးကိစ္စများကို အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့် (ပွဲရုံလုပ်ငန်း)၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးထင်အောင်လင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်လင်း၊ အမှုဆောင်ဦးအောင်ရွှေ၊ ဦးတင်ရွှေနှင့် ဦးအောင်သူတို့က အသီးသီးတင်ပြဆွေးနွေးကြကြောင်း သိရသည်။ (၁၂၉)

Education for All နိုင်ငံရပ်ခြားပညာသင် ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

နဝရတ်ပညာရေး၏ Education for All အစီအစဉ်အရ နိုင်ငံရပ်ခြား ပညာသင် သိကောင်းစရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ရန်ကုန်မြို့ Traders Hotel (ကုန်းဘောင်-တကောင်း) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းဟောပြောပွဲတွင် ပြည်တွင်း၌ပင် လေ့လာပြီးဖြေဆိုနေကြသော LCCI/ACCA နှင့် City & Guilds စသော နိုင်ငံရပ်ခြားစာမေးပွဲဌာန (Exam Bodies) များမှ ချီးမြှင့်သည့် ဘာသာရပ်အလိုက် အောင်လက်မှတ်များ၏ ပညာဆက်လက်ဆည်းပူးခြင်းနှင့် လုပ်ငန်းခွင်ဆိုင်ရာ အခွင့်အလမ်းများ၊ နိုင်ငံရပ်ခြားတက္ကသိုလ်၊ ကောလိပ်များသို့ ကိုယ်တိုင်သွားရောက်သင်ယူလိုပါက ပညာရေးဆိုင်ရာ အခြေခံလိုအပ်ချက်များ၊ ယင်းသို့ သင်ယူရာတွင် ကုန်ကျမည့် ငွေကြေးပမာဏများ၊ သင်ယူနေစဉ် အချိန်ပိုင်းအလုပ်လုပ်ခွင့်နှင့် သင်ယူပြီး ရရှိမည့် အလုပ်အကိုင်အခွင့်အလမ်းများ၊ နိုင်ငံရပ်ခြားတွင် အမှန်တကယ်ကြုံတွေ့နေရသော အခြေအနေများ၊ ဘာသာရပ်ရွေးချယ်မှုဆိုင်ရာ အကြံပြုချက်စသည့်တို့ကို ဒေါက်တာနေက Education for All အစီအစဉ်ဖြင့် ဖေဖော်ဝါရီ ၅ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ "၂၀၁၁ နိုင်ငံရပ်ခြားပညာသင် အခွင့်အလမ်းများ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

ထို့ပြင် ဗြိတိန်နှင့် အမေရိကန် တက္ကသိုလ်များ၏ သင်ရိုးများဖြင့် နည်းပညာပူးတွဲ ဆောင်ရွက်ပြီး ပြည်တွင်း၌ ပထမဆုံး စတင်ဖွင့်လှစ်ပို့ချမည့် Noble College အကြောင်းကိုပါ ရှင်းလင်းဟောပြောမည်ဖြစ်ရာ ပညာရေးကို စိတ်ပါဝင်စားသူများအားလုံး(အခမဲ့) တက်ရောက်နိုင်ကြောင်းနှင့် ခုံနေရာအတွက် နဝရတ်ပညာရေး အမှတ်-၈၂ (တ-ထပ်) အနော်ရထာလမ်း (၃၉-လမ်းထောင့်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၂၂၅၊ ၂၅၀၁၅၀နှင့် ၀၁-၇၃၀၄၉၆၁၃ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သန်လျင်မြို့ အမက နတ်စင်ကုန်းကျောင်း၏ စုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ် ဆက်တိုက် ပထမဆုရရှိသော မဝေနှင်းလဲ့ဖြူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပပလွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ရုရှားသမ္မတ မက်ဗီဒက်ဗ် ဂျော်ဒန်နိုင်ငံခရီးစဉ်အတွင်း အနောက်ဘက်ကမ်းမြို့တော်သို့ပါ ရောက်ရှိ

ရာမာလာ ဇန်နဝါရီ ၁၈

ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်သည် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် တွေ့ဆုံရန်အတွက် ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းမြို့တော် ယယ်ရီဟိုသို့ ယနေ့ရောက်ရှိလာသည်။

ရုရှားသမ္မတသည် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ(၂)၏ ဖိတ်ကြားချက်အရ ဂျော်ဒန်နိုင်ငံမြို့တော် အမ္မန်မြို့သို့ နှစ်ရက်ကြာခရီးစဉ်အဖြစ် စတင်ရောက်ရှိလာစဉ် ပါလက်စတိုင်းဒေသသို့ ခရီးတိုအဖြစ် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း ဂျော်ဒန်အစိုးရသတင်းဌာန ပီထရာက သတင်းပေးသည်။

ပါလက်စတိုင်းသမ္မတ အဘတ်စ်နှင့် ထိပ်တန်းခေါင်းဆောင်များက ရုရှားသမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုခဲ့ကြကြောင်း၊ ဤခရီးစဉ်သည် မက်ဗီဒက်ဗ်၏ ပါလက်စတိုင်းဒေသသို့ ပထမဆုံး ခရီးစဉ်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရုရှားသမ္မတ၏ ယခုခရီးစဉ်သည် သမိုင်းဝင်မည့် ခရီးစဉ်ဖြစ်ကြောင်း၊ အရှေ့ဂျေရုဆလင်ကို မြို့တော်အဖြစ်ထား၍ လွတ်လပ်သော သမ္မတနိုင်ငံတည်ထောင်ရန် ပါလက်စတိုင်းလူမျိုးများ၌ အခွင့်အရေး အပြည့်အဝရှိမှုကို ကြည့်ရှုရန်အတွက် စိတ်အားထက်သန်နေသည်အား မီးမောင်းထိုးပြသနေကြောင်း အဘတ်စ်က သုံးသပ်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

၂၀၁၀ ခုနှစ်တွင် ဆိုမာလီပင်လယ်ဓားပြများ ဓားစာခံ ၁၁၈၁ အထိ ဖမ်းဆီးခဲ့

ကွာလာလမ်ပူ ဇန်နဝါရီ ၁၈

ဆိုမာလီနိုင်ငံ ကမ်းလွန်ရေပြင်အတွင်း သင်္ဘောပြန်ပေးဆွဲမှုများ တိုးမြင့်လာခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ဓားစာခံ ၁၁၈၁ ဦးအထိ ပင်လယ်ဓားပြများက ဖမ်းဆီးခဲ့ကြောင်း ကမ္ဘာ့ရေကြောင်းသွားလာမှုစောင့်ကြည့်ရေး အဖွဲ့အစည်းတစ်ရပ်က ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးခဲ့

လွန်ခဲ့သည့် နှစ်က ကမ္ဘာတစ်ဝန်းရှိ သင်္ဘော ၅၃ စင်းကို ပင်လယ်ဓားပြများ ဖမ်းဆီးခဲ့ကြောင်း နိုင်ငံတကာပင်လယ်ရေကြောင်းဗျူရို၏ ပင်လယ်ဓားပြမှု သတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။ ၎င်းသင်္ဘော အားလုံးကို လေးစင်းမှလွဲ၍ ဆိုမာလီကမ်းလွန်ပင်လယ်ပြင်၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အမြင့်ဆုံး

ဓားစာခံအရေအတွက်နှင့် ပြန်ပေးဆွဲခံရသော သင်္ဘောစင်းရေသည် ၁၉၉၁ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဖြစ်ကြောင်း အဆိုပါဌာန၏ ညွှန်ကြားရေးမှူးက ပြောကြားသည်။ ယင်းတိုက်ခိုက်မှုများတွင် သင်္ဘောသားရှစ်ဦး သေဆုံးခဲ့ရသည်။

၂၀၁၀ ခုနှစ်ကုန်၌ ပင်လယ်ဓားပြများသည် သင်္ဘော၂၈ စင်းနှင့် ဓားစာခံ ၆၃၈ ဦးအား ဖမ်းဆီးထားဆဲ ဖြစ်သည်။

အေပီ။

အီရတ်နိုင်ငံ တီကရစ်မြို့ ရဲစခန်းတစ်ခုအနီး အသေခံပုံးဖောက်ခွဲ ရဲတပ်သားသစ်လျှောက်ထားသူ ၆၀ ကျော်သေဆုံးပြီး ၁၅၀ ခန့် ဒဏ်ရာရ

တီကရစ် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံမြောက်ပိုင်း တီကရစ်မြို့တွင် ရဲစခန်းတစ်ခု၏အပြင်ဘက်၌ စုရုံးရောက်ရှိနေသော ရဲတပ်သားသစ်လျှောက်ထားသူအုပ်စုတစ်စုအတွင်းသို့ ဝင်ရောက်ပြီး အသေခံပုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၆၀ သေဆုံးပြီး ၁၅၀ ခန့်ဒဏ်ရာရရှိသွားကြောင်း ဆာလာဟူဒင်ပြည်နယ် ရဲတပ်ဖွဲ့က သတင်းပေးပို့သည်။ (အပေါ်ပုံ)

မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ ရဲတပ်ဖွဲ့ဝင်အဖြစ် လျှောက်ထားရန် လူ ၃၀၀ ခန့် တန်းစီနေစဉ် ဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူအများစုမှာ စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း၊ ဒဏ်ရာရသူအများအပြားကို ဘဂ္ဂဒက်၊ မိုဆူးလ်နှင့် ကာကွတ်မြို့များရှိ ဆေးရုံများသို့ပါ ခွဲဝေပို့ဆောင်ပေးခဲ့ရကြောင်း ဆင်ဟွာသတင်း၌ ရေးသားဖော်ပြထားသည်။

အီရတ် ရုပ်မြင်သံကြားသတင်းဌာနတစ်ခုကလည်း သွေးအိုင်များ၊ ပြန့်ကြဲနေသည့် ဖိနပ်များနှင့် အဝတ်အပိုင်းအစများကို ထုတ်လွှင့်ပြသသည်။

အဆိုပါ ဖောက်ခွဲတိုက်ခိုက်မှုကို အယ်လ်ခိုင်ဒါအဖွဲ့က စီမံပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ ရည်ရွယ်ချက်မှာ မိမိတို့ ပြည်နယ်၏ လုံခြုံရေးကိုခြိမ်းခြောက်ရန်နှင့် တီကရစ်မြို့ကို မတည်မငြိမ်ဖြစ်အောင် ပြုလုပ်လိုခြင်းဖြစ်ကြောင်း ဆာလာဟူဒင်ပြည်နယ်ကောင်စီဝင်တစ်ဦးက ပြောကြားသည်။

ဆင်ဟွာ၊ အေပီ။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး မဟာဗျူဟာ အစီအစဉ် အာဆီယံအတည်ပြု

ဖနောင်ပင် ဇန်နဝါရီ ၁၈

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့၏ ၁၀ နိုင်ငံမှ ခရီးသွားလုပ်ငန်းဝန်ကြီးများသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး မဟာဗျူဟာ အစီအစဉ်တစ်ရပ်ကို ကမ္ဘောဒီးယားနိုင်ငံမြို့တော်ဖနောင်ပင်၌ ဇန်နဝါရီ ၁၇ ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြကြောင်း သတင်းမီဒီယာများက ဇန်နဝါရီ ၁၈ ရက်တွင် သတင်းဖော်ပြသည်။

အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများသည် ကမ္ဘောဒီးယားဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ဒေသဆိုင်ရာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးမဟာဗျူဟာ အစီအစဉ်ကို အတည်ပြုခဲ့ကြခြင်းဖြစ်သည်။

အရှေ့တောင်အာရှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်ကို ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အကောင်အထည်ဖော်မည်ဖြစ်သည်။ အရှေ့တောင်အာရှဒေသ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ရန် တောင်ကိုရီးယား၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

အာဆီယံအသင်းသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်သည် အဖွဲ့ဝင်နိုင်ငံများအားလုံး အကျိုးကျေးဇူးရရှိခံစားနိုင်စေမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား ခရီးသွားလုပ်ငန်း ဝန်ကြီးသွန်စွန်းက ပြောကြားသည်။

မဟာဗျူဟာ အစီအစဉ်အရ အာဆီယံနိုင်ငံများသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးလှုပ်ရှားမှုများကို တိုးမြှင့်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာစေရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး လေ့ကျင့်သင်ကြားပေးမှုများကို ပိုမိုလုပ်ကိုင်သွားကြမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ **အင်တာနက်။**

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုန်ပြည်နယ် ကျိဖူးကျွန်းတွင် ရေခဲလွှာများပေါ်၌ သောင်တင်နေသော ငါးဖမ်းလှေများကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။ [တရုတ်နိုင်ငံအရှေ့ပိုင်း၌ အအေးလှိုင်းကျရောက်မှု ဖြစ်ပွားနေသောကြောင့် ၁၅ စင်တီမီတာ အထူရှိ ရေခဲလွှာများ ဖြစ်ပေါ်ခဲ့ပြီး ကမ်းလွန်ရေလုပ်ငန်းများ ရပ်နားခဲ့ရသည်။]

ဆင်ဟွာ။

လက်ဘနွန်ဝန်ကြီးချုပ်ဟောင်းလုပ်ကြံခံရမှု တရားစွဲဆိုရေးဥပဒေမူကြမ်း ကုလတရားသူကြီးသုံးသပ်နေ

ဘေရွတ် ဇန်နဝါရီ ၁၈

၂၀၀၅ ခုနှစ်ကဖြစ်ပွားခဲ့သော လက်ဘနွန်ဝန်ကြီးချုပ် ရာဖစ်ခ်ဟာရီရီ လုပ်ကြံသတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ တရားစွဲဆိုမှုဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂကျောထောက်နောက်ခံပြု တရားရုံးတစ်ရုံးက ဇန်နဝါရီ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဝန်ကြီးချုပ်ဟောင်း ရာဖစ်ခ်ဟာရီရီ လုပ်ကြံခံရမှုသည် လက်ဘနွန်နိုင်ငံ၏ လက်ရှိနိုင်ငံရေးပြဿနာကို အစပျိုးခဲ့သော ပြဿနာတစ်ရပ်ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အီရန်နှင့် ဆီးရီးယား ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအဖွဲ့ဝန်ကြီးများ နုတ်ထွက်မှုကြောင့် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း ရာဖစ်ခ်ဟာရီရီ၏သား ဦးဆောင်သည့် လက်ဘနွန်အစိုးရအဖွဲ့ ပြိုကွဲခဲ့သည်။ ရာဖစ်ခ်ဟာရီရီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ တရားစွဲဆိုမှုဆိုင်ရာ ဥပဒေမူကြမ်းကို ကုလသမဂ္ဂ တရားသူကြီးတစ်ဦးက လေ့လာသုံးသပ်လျက်ရှိပြီး အသေးစိတ်ကို ထုတ်ပြန်သေးခြင်းမရှိသေးပေ။

တရားစွဲဆိုမှုကို ဆက်လက်လုပ်ဆောင်နိုင်သည့် သက်သေများအလုံအလောက် ရှိ၊ မရှိကို ဆုံးဖြတ်ရန် ရက်သတ္တခြောက်ပတ်မှ ၁၀ ပတ်အထိ ကြာမြင့်နိုင်ဖွယ်ရှိကြောင်း ကုလသမဂ္ဂတရားသူကြီး ဒန်နီယယ်လ်ဖရင်ဆင်က မျှော်လင့်ထားသည်။

လက်ဘနွန်အစိုးရတာဝန်ရှိသူများနှင့် အနောက်အုပ်စုသံတမန်များက ဝန်ကြီးချုပ်ဟောင်း ဟာရီရီလုပ်ကြံခံရမှုနှင့် ပတ်သက်၍ ဟစ်ဇ်ဘိုလာအဖွဲ့ဝင်အချို့ကို တရားစွဲဆို နိုင်ဖွယ်ရှိကြောင်း မျှော်လင့်ထားသော်လည်း ယင်းလုပ်ကြံသတ်ဖြတ်မှုတွင် မည်သို့မျှ ပါဝင်ပတ်သက်ခဲ့ခြင်းမရှိကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ငြင်းဆိုထားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

မြန်မာပြည်သူများ အသိပညာဖွံ့ဖြိုးမှုဆောင်ရွက်ရာတွင် အထောက်အကူပြုရေး ယနေ့အခမ်းအနားသည် အားသစ်လောင်းသည့် အခမ်းအနားတစ်ခုဖြစ် တိုင်းပြည်နှင့်လူမျိုးအတွက် အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်သွားမည်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းခြင်းအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနသို့ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး နှစ်ပေါင်း(၆၀)ကျော် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့မှုကို ပိုမိုအစွန့်ရှည်စေရေး၊ မြန်မာပြည်သူများ၏ အသိပညာ ဖွံ့ဖြိုး တိုးတက်မှု တိုးမြှင့်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ယနေ့ အခမ်းအနားသည် အားသစ်လောင်းသည့် အခမ်းအနားတစ်ခုဖြစ်၍ ဝမ်းမြောက်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံရှိ ကျေးရွာ ၆၀၀၀၀ ကျော် အနက် ကျေးရွာ ၅၅၇၅၅ တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ မြင့်မားစေရေး၊ ပြည်သူများ မီဒီယာကိုယ်ခံစွမ်းအား ကောင်းစေရေးနှင့် ပြည်သူတစ်ရပ်လုံးက ဖော်ဆောင်လျက်ရှိသော ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ဖော်ဆောင်နိုင်ရေး စသည့် ရည်ရွယ်ချက်(၃)ရပ်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ရာတွင် မြေ၊ အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်၊ ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို စုစုပေါင်း တန်ဖိုးပမာဏ ၁၁ ဒသမ ၉ ဘီလီယံကျော် သုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

တည်ထောင်ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် စံ(၅)ချက်ကိုလည်း သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ စံ(၅)ချက်နှင့် ပြည့်စုံသည့် စာကြည့်တိုက်များဖြစ်လာစေရန်အတွက် မိမိတို့ဝန်ကြီးဌာနနှင့်အတူ ပြည်သူများ၊ စာပေပညာရှင်များနှင့် လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကို ၂၀၁၀ ခုနှစ် မေ ၁၅ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ ၎င်းဖောင်ဒေးရှင်းသည် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့်လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း အစဉ်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုကို အခြေခံသည့်နည်းဖြင့် ရန်ပုံငွေရှာဖွေမည်ဖြစ်၍ ပြည်သူအားလုံးက လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်လာရေး၊ ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်အောင်မြင်ပြီးနောက် ကျေးလက်ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးနိုင်ရေး စသည်တို့မှာ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း၏ အနာဂတ်မျှော်မှန်းချက်(၃)ရပ် ဖြစ်ကြောင်း။

ဖော်ပြပါ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းလုပ်ငန်းများ အောင်မြင်ရေး အတွက် စာအုပ်စာစောင်ပေါင်း ၈၁၇၂ အုပ်၊ စီဒီခွေတ်ပြား ၂၁၆ ချပ် စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၄၈၅၄၀၀၀ လှူဒါန်းခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် ဝန်ထမ်းမိသားစုများအား အထူးကျေးဇူးတင်ရှိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအစွန့်ရှည်ပါစေကြောင်း၊ နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာက စာအုပ်စာစောင်များနှင့် စီဒီခွေများကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်း့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်း၊ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် အဖွဲ့ဝင်များသည် တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ လှူဒါန်းသည့် အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတို့ဖြင့် ရေးသားထားသော သုတရသစာအုပ် စာစောင်များနှင့် စီဒီခွေများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးက မတည်အလှူငွေများဖြင့် တည် ဆောက်လျက်ရှိသော စာကြည့်တိုက် မှတ်တမ်းများကို ကြည့်ရှုအားပေးကြ သည်။

ယနေ့ အခမ်းအနားတွင် ငွေကျပ် ၄၄၆၃၈၀၀၀ တန်ဖိုးရှိ အင်္ဂလိပ်ဘာသာ နှင့် တရုတ်ဘာသာတို့ဖြင့် ရေးသားထား သော သုတရသစာအုပ် စာစောင် ၈၁၇၂ အုပ်နှင့် ငွေကျပ် ၂၁၆၀၀၀ တန်ဖိုးရှိ စီဒီခွေမျိုးစုံ ၂၁၆ ခွေ စုစုပေါင်း ငွေကျပ် ၄၄၈၅၄၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင် များနှင့် စီဒီခွေမျိုးစုံတို့ကို လှူဒါန်းခဲ့ ကြောင်း သိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် အဖွဲ့ဝင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ လှူဒါန်းသည့် အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတို့ဖြင့် ရေးသားထားသော သုတရသစာအုပ်စာစောင်များနှင့် စီဒီခွေများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်း့ထံ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များနှင့် စီဒီခွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဇန်နဝါရီ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်မြောက်ပိုင်း အိမ်ရာစီမံကိန်းမြေနေရာ၌ မြေရာများ တိုးချဲ့ရှင်းလင်းထားရှိမှုနှင့် လမ်းသစ်များ ထပ်မံဖောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရတနာပုံတယ်လီပို့အဆောက်အအုံရှိ BILLING CENTER စက်ခန်းသို့ရောက်ရှိပြီး စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ အဆောက်အအုံအတွင်း တပ်ဆင်ထားရှိသည့် IPTV ROOM / SOFT SWITCH ROOM နှင့် ISP DATA CENTER စက်ခန်းများကိုလည်းကောင်း၊ Yatanarpon Portal အဆောက်အအုံရှိ Portal Operation Team လုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်မှုနှင့် သင်ကြားပို့ချမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရတနာပုံမြို့သစ် ဆက်သွယ်ရေးစက်မှုအဆောက်အအုံ၌ ကေဘယ်လ်များရောက်ရှိနေမှုနှင့် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော် ရတနာပုံတယ်လီပို့ အဆောက်အအုံရှိ BILLING CENTER စက်ခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့ နာယကကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)၊ ဦးကိုကိုကြီးနှင့် ဦးမောင်တင်တို့ ယင်းဆေးရုံကြီး၌ ဆောက်လုပ်မည့် ခြောက်ထပ် သံဃာ့ဆေးကုသဆောင်သစ်ကြီး၏ အထူးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အတွင်းရေးမှူး ဦးသိန်းအောင်တို့ လက်ခံကြစဉ်။ (သတင်းစဉ်)

PAGE ONE Book Fair အစီအစဉ်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

စင်ကာပူနိုင်ငံ POPULAR Book Co.(Pte)Ltd. Franchise လုပ်ငန်းခွဲတစ်ခုဖြစ်သော POPULAR Bookstore က ကလေး၊ လူကြီးများအတွက် ကဏ္ဍစုံမှ စာအုပ်များကို တင်သွင်းရောင်းချလျက်ရှိရာ ယခု PAGE ONE Book Fair အစီအစဉ်ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ Myae Ni Ghone Center ရှိ Promotion Area ၌ ကျင်းပမည်ဖြစ်သည်။

PAGE ONE Book Fair အစီအစဉ်တွင် စင်ကာပူနိုင်ငံရှိ Page One Publishing Pte Ltd. က ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော Professional စာအုပ်များကို အထူးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။ PAGE ONE Book Fair စာအုပ်ပွဲတော်တွင် ကမ္ဘာ့အဆင့်မီပညာရပ်ဆိုင်ရာ စာအုပ်များဖြစ်သော ဗိသုကာပညာရပ်ဆိုင်ရာ စာအုပ်များ၊ အိမ်တွင်းအလှဆင်ပညာရပ်ဆိုင်ရာ စာအုပ်များ၊ ဓာတ်ပုံပညာရပ်ဆိုင်ရာစာအုပ်များ၊ Fashion ဒီဇိုင်းပညာဆိုင်ရာစာအုပ်များ၊ အားကစားဆိုင်ရာ စာအုပ်များ၊ ပန်းအလှဆင်ပညာဆိုင်ရာ စာအုပ်များ၊ ဂီတအနုပညာဆိုင်ရာ စာအုပ်များနှင့် ပန်းချီအနုပညာဆိုင်ရာ စာအုပ်များကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် အထူးအစီအစဉ်အနေဖြင့် ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီတွင် ဓာတ်ပုံပညာကို စိတ်ပါဝင်စားသူများအတွက် နာမည်ကျော် Professional Photographer တစ်ဦးဖြစ်သော ဓာတ်ပုံပီတာက ဓာတ်ပုံပညာနှင့်ပတ်သက်သော အခြေခံကျသည့် သိကောင်းစရာများကို ဟောပြောမည်ဖြစ်ပြီး ဇန်နဝါရီ၂၃ ရက် ညနေ ၃နာရီတွင်လည်း Professional Designer ဒေါ်သီတာဝင်း(Principal of Dozo Fashion Technical School) က ဖက်ရှင်ဒီဇိုင်းနှင့် ပတ်သက်သည်များကို ဟောပြောသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



PAGE ONE Book Fair အစီအစဉ်ဖြင့် စာအုပ်များ ရောင်းချပေးသွားမည့် POPULAR Book store ကို တွေ့ရစဉ်။ (သတင်းစဉ်)

ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများဖြစ်ပွား၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အထူးအလေးထားလိုက်နာရန် လိုအပ်

နေပြည်တော် ဇန်နဝါရီ ၁၈

ဇန်နဝါရီ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး၌ ယာဉ်တိုက်မှုတစ်မှု၊ ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုနှစ်မှုနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ယာဉ်တိုက်ခိုက်တိမ်းမှောက်မှု နှစ်မှုတို့ဖြစ်ပွားခဲ့ကြောင်း၊ ယင်း တိုက်ခိုက်တိမ်းမှောက်မှုဖြစ်ပွားစဉ်ငါးခုအနက် လေးခုတွင် လူသေဆုံးမှုများ ရှိခဲ့သဖြင့် ယာဉ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုအားနည်းပါက ယခုကဲ့သို့ အဖြစ်ဆိုးမျိုး တစ်နေ့မဟုတ်တစ်နေ့ ကြုံတွေ့နိုင်သောကြောင့် အထူးအလေးထား လိုက်နာကြရန်လိုကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက မှတ်ချက်ပြုခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မယ်ဇယ်ပင်ကျေးရွာအနီး ကူမဲ-ကင်းတားလမ်းဘေး၌ နံနက် ၇ နာရီခွဲခန့်တွင် လမ်းဘေး၌ရပ်ထားသော စက်ဘီးအား ထော်လာဂျီယာဉ်တစ်စီးက နောက်မှ ဝင်တိုက်မိခဲ့သဖြင့် လူငယ်တစ်ဦး သေဆုံးခဲ့ကြောင်း၊ ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအင်းစိန်မြို့နယ် အောင်ဆန်းရွာသစ်မှတ်တိုင်အနီး၌ နံနက် ၈ နာရီခွဲခန့်တွင် လမ်းယာဘက်မှ လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးအား ထော်လာဂျီယာဉ်တစ်စီးက နောက်မှဝင်တိုက်မိခဲ့သဖြင့် ယင်းအမျိုးသမီး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် လှည်းကူးမြို့နယ် ဖောင်ကြီး-လှည်းကူးကားလမ်း မိုင်တိုင်အမှတ်(၃)၌ နံနက် ၁၁ နာရီခွဲခန့်တွင် ဟိုင်းလတ်ခရီးသည်တင်ယာဉ်တစ်စီးသည် ယာဉ်၏နောက်ဝဲဘီးပွင့်ထွက်ပြီး လမ်းဝဲဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့သဖြင့် ယာဉ်ပေါ်ပါခရီးသည် ၂၇ ဦး ဖူးရောင်ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သောကြောင့် လှည်းကူးမြို့နယ်ဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့သို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၁၄၂/၆)နှင့် (၁၄၂/၇) အကြား၌ နံနက် ၁၁ နာရီခန့်တွင် ဆိုင်ကယ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် တစ်ဦးသေဆုံးပြီး တစ်ဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း။

အလားတူ နောင်ချိုမြို့နယ် မန္တလေး-လားရှိုးကားလမ်း မိုင်တိုင်အမှတ် (၇၀/၇)နှင့် (၇၁/၀) အကြား၌ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ဆိုင်ကယ်တစ်စီးအား မော်တော်ယာဉ်တစ်စီးက ဝင်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်ပေါ်ပါရှိသူ နှစ်ဦးစလုံး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရုံးကြီးလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းနေမှုကို အမှုဆောင်အရာရှိ ဦးကျော်တင်မောင်မောင် ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "မိခင်ရင်ခွင်မှ မေတ္တာရင်ခွင်သို့" တရားတော် [အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)]
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၀)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၇)**
- ၈:၄၀ ၂၀၀၉ ခုနှစ် အကယ်ဒမီ အကြိုရင်ခုန်သံများ
- ၈:၅၅ မွန်မြတ်သောအလှူကုသိုလ်ယူ တော်ဝင်အောင်၏အလှူ
- ၉:၁၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)
- ၉:၃၀ အားကစားမြင်ကွင်းစုံ (မျိုးလှိုင်ဝင်း၊ ကိုပေါက်၊ ဝေမင်းမောင်)
- ၉:၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ [နယူးမော်ဒယ်(လ်)]
- ၁၀:၂၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၁:၅၅ သင်ယူလေ့လာဂီတပညာ (Part-6)(II. V. I Progression)
- ၁၀:၁၀ ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (Myanmar Hip Hop 10th Anniversary Live Show)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ရန်ကုန်မြင်ကွင်းကျယ် [အထက(၁)ဒလအာစရိယပူဇော်ပွဲအခမ်းအနား]
- ၁၂:၃၅ သူတို့ဓလေ့နှင့်သူတို့အစဉ်အလာ (သဲတောမြို့မှအလှူမင်္ဂလာ)
- ၁:၀၀ "မိခင်ရင်ခွင်မှ မေတ္တာရင်ခွင်သို့" တရားတော် [အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)]
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း (အပေါင်းအသင်းများတာ ကောင်းတယ်၊ အပေါင်းအသင်း မများတာကောင်းတယ်)
- ၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၀)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၇)**
- ၄:၅၅ Activities In The City (ရန်ကုန်တက္ကသိုလ်မြန်မာစာ မိသားစုအာစရိယပူဇော်ပွဲ အခမ်းအနား)
- ၅:၁၅ ဥပဒေကျောင်းသားများ၏ အာစရိယပူဇော်ပွဲအခမ်းအနား
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သင်ကြားရေးလမ်းညွှန် (Naruto International Foreign Language & Education Academy)
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၄၁)**
- ၇:၁၅ Cartoon Show Time (DESPICABLE ME)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ရန်ကုန်မြင်ကွင်းကျယ် (ပဥ္စမအကြိမ်မြောက် ၁၉၇၄-၇၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲ)
- ၈:၄၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-မေစံပယ်ညို)
- ၉:၁၀ Celebrity Style (နဝရတ်)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၀၈)**
- ၁၀:၁၀ ဘတောဝါ နေသာရိသတိ (ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၁:၀၅ Celebrity Profile (Lee Byaung Hun)
- ၁၁:၅၀ မိခင်လောင်းများအတွက်အာဟာရ (ဒေါက်တာလှကြည်)
- ၁၂:၀၀ Movie Mistakes (Speed)
- ၁၂:၀၅ Shooting Locaion (ကီလီ၆)
- ၁၂:၄၀ Music Talk (မိဘမေတ္တာ)
- ၁၂:၅၀ နယ်ဥဆန်းထွင်ပန်းအလှဆင် ("S" ပုံသဏ္ဍာန်ပန်းအိုးထိုးနည်း)
- ၁:၂၀ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
- ၁:၃၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Pluto Pet Shop)
- ၂:၀၀ ဝင့်ကြွားအားမာန် "ကတိုက်"တမံ
- ၂:၀၅ World of Knowledge (Is It Real: King Aurthur)
- ၂:၅၀ လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
- ၄:၂၅ အထင် (ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း၊ စုထက်ကုမ္ဗေ၊ ချစ်ပု) (ဒါရိုက်တာ-မီးပွား)
- ၄:၄၅ ရှုတိုင်းလှသည် ပထက်တောင် အတုလရံသီ
- ၄:၅၀ ဖူးမည်အမှန်. . . ထူးမည်ဧကန် . . . မာရ်ငါးမာရ် . . .
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင်ပါ ရည်မှန်းချက်(၄)နှင့်(၅)ပြည့်မီစေရေး အစည်းအဝေးကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ထောင်စုနှစ်ဖွံ့ဖြိုးမှု ပန်းတိုင်ပါ ရည်မှန်းချက်(၄)နှင့်(၅) ပြည့်မီစေရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

ကျန်းမာရေးဝန်ကြီးဌာန၏ ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက် (၄)နှင့် (၅) ပြည့်မီစေရေး အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၀၉ခုနှစ် အောက်တိုဘာမှ စတင်ပြီး ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်(၄)နှင့်(၅)ပြည့်မီရေးအတွက် မြန်မာနိုင်ငံ၏ မွေးကင်းစကလေးအပါအဝင် ကလေးကျန်းမာရေးနှင့် မိခင်ကျန်းမာရေးအခြေအနေ တိုးတက်စေရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၀၉ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ညှိနှိုင်းဆွေးနွေးကြကာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ အလားတူအလုပ်ရုံဆွေးနွေးပွဲများ၊ ညှိနှိုင်းဆွေးနွေးပွဲများ၊ လုပ်ငန်းများပြန်လည်သုံးသပ်သည့် အစည်းအဝေးများကိုလည်း ၂၀၀၉ ခုနှစ် နှင့် ၂၀၁၀ခုနှစ်များအတွင်း စုစုပေါင်း ခုနစ်ကြိမ်တိုင် ကျင်းပနိုင်ခဲ့ကြောင်း၊ ထို့ပြင် မိခင်နှင့်ကလေး သေဆုံးမှုကျဆင်းရေးအတွက် အနုစိတ်စီမံချက်များကို ဗဟိုမှချမှတ်ပေးထားသည့် လမ်းညွှန်ချက်များနှင့်အညီ မိမိဒေသ၌ ဖြစ်ပေါ်နေသည့် လက်ရှိကျန်းမာရေးပြဿနာနှင့် ရရှိနိုင်သည့် အရင်းအမြစ်များကိုမူတည်ပြီး ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် များစွာနှစ်ထောင်းအားရ ကျေနပ်မိသကဲ့သို့ အားလုံး၏ ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှုကိုလည်း အသိအမှတ်ပြုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ထောင်စုနှစ်ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မွေးကင်းစနှင့် အသက်တစ်နှစ်အောက်၊ အသက်ငါးနှစ်အောက်ကလေး သေဆုံးမှုများ၊ မိခင်သေဆုံးမှုများ လျော့နည်းရေးစသည့် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင် (၄)နှင့် (၅)လုပ်ငန်းများ၊ ၂၀၁၅ခုနှစ်တွင် သတ်မှတ်ထားသည့် လျာထားချက်များ ပြည့်မီစေရန်အတွက် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကလေးကျန်းမာဖွံ့ဖြိုးရေးနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းများကို ၂၀၀၄ခုနှစ်ကတည်းက ငါးနှစ်တစ်ကြိမ်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါ မဟာဗျူဟာစီမံကိန်းများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ကျွမ်းကျင်မှုတိုးတက်လာစေရေး၊ အထောက်အကူပြု ကျန်းမာရေးစနစ်များ ပိုမိုခိုင်မာလာစေရေး၊ ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာအသိပညာ အလေ့အထများနှင့် ပူးပေါင်းပါဝင်မှုတို့ ပိုမိုတိုးတက်လာစေရေး၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် လုပ်ငန်းအထောက်အကူများ ပံ့ပိုးပေးနိုင်ရေးစသည်တို့ကို ဗဟို၊ ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်ဆင့်တို့၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်(၂)ရပ်နှင့် နည်းနာ(၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့ပြနှင့် ကျေးလက်ဒေသအားလုံးတွင် မိခင်ကလေးကျန်းမာရေးဌာန ဆရာဝန် ၅၂ဦး၊ အမျိုးသမီးကျန်းမာရေး ဆရာမ ၃၃၀၅ဦး၊ သားဖွားဆရာမ ၉၀၁၆ဦး၊ အရန်သားဖွားဆရာမ ၂၁၃၄၃ဦး၊ အခြားစေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားအမျိုးမျိုး စုစုပေါင်း ၈၉၀၀၀ကျော်နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းသုံးပစ္စည်းများအနေနှင့် ၂၀၁၀ခုနှစ်အတွင်း မွေးခုတင်ပေါင်း ၁၃၀၊ သားဖွားပုံး ၃၁၀၊ အရန်သားဖွား ကစ်ပုံး ၈၅၀၊ MCH-A Centre Kit ၁၁၀၊ Sterilizer ၂၀၊ တစ်ခါသုံး မွေးဖွားအိတ်ငယ် ၁၄၀၀၀၀ကျော်၊ သားဆက်ခြားပစ္စည်းများ၊ အဓိကဆေးဝါးများ၊ ဓာတ်ဆားထုပ်များ၊ အရေးပေါ်သားဖွားခြင်းဆိုင်ရာပစ္စည်းများ၊ မွေးကင်းစကလေး အသက်ကယ်ကိရိယာ စသည်တို့ကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း။

ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၏ လေ့လာတင်ပြချက်အရ မြန်မာနိုင်ငံ၌ ၁၉၉၀ပြည့်နှစ်တွင် အသက်တစ်နှစ်အောက်ကလေးနှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်းသည် အရှင်မွေး ၁၀၀၀တွင် ၈၄ဦးနှင့် ၁၁၈ဦး အသီးသီးရှိခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ၅၄ဦးနှင့် ၇၁ဦးအထိ လျော့နည်းကျဆင်းသည်ကို တွေ့ရသည့်အတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများအနေဖြင့် လမ်းကြောင်းမှန်ပေါ်တွင်ရှိပြီး ၂၀၁၅ ခုနှစ် လျာထားချက်ကို ပြည့်မီနိုင်သည့် အလားအလာကောင်းရှိသည်ကို တွေ့နေရကြောင်း၊ အလားတူ မိခင်သေနှုန်းအနေဖြင့် ၁၉၉၀ ပြည့်နှစ်တွင် အရှင်မွေးတစ်သိန်း၌ ၄၂၀ ရှိခဲ့ရာမှ ၂၀၀၈ ခုနှစ်တွင် ၂၄၀သို့ ကျဆင်းခဲ့ကြောင်း၊ သို့သော်လည်း ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း မိခင်သေနှုန်းကျဆင်းမှုနှုန်း နှေးကွေးနေသည့်အတွက် ၂၀၁၅ ခုနှစ် လျာထားချက် ပြည့်မီနိုင်ရန်အတွက် ယခုထက်အဆပေါင်းများစွာ အားထုတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကလေးသေဆုံးရသည့် အဓိကအကြောင်းအရာများမှာ လတ်တလော အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း၊ နမိုးနီးယား၊ ဝမ်းပျက်ဝမ်းလျှော၊ ဦးနှောက်ပိုးဝင်ခြင်း၊ ငှက်ဖျားရောဂါများကြောင့် ဖြစ်ကြပြီး မွေးကင်းစကလေးများ သေဆုံးရခြင်းမှာ ကိုယ်အလေးချိန် မပြည့်ခြင်း၊ လမစေ့မွေးဖွားခြင်း၊ ပိုးဝင်ခြင်း၊ ရေမွန်းခြင်းများကြောင့် ဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ၎င်းအကြောင်းအရာများကို ဖယ်ရှားနိုင်ရန်အတွက် ဆီလျော်သော လုပ်ငန်းများကိုလည်း Universal Coverage ရရှိအောင် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရန် ခက်ခဲနေသည့် ဒေသများဆီကိုပါ ရောက်ရှိနိုင်ရန်အတွက် Innovative Approach များနှင့် ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း။

မိခင်များ သေဆုံးရသည့် အဓိကအကြောင်းများတွင် မွေးပြီးသွေးသွန်ခြင်း၊ ကိုယ်ဝန်ဆိပ်တက်ခြင်းနှင့် အန္တရာယ်ရှိသော သားပျက်သားလျှောခြင်းတို့ဖြစ်ကြောင်း။

မိခင်နှင့် မွေးကင်းစကလေး သေဆုံးမှု၊ ရောဂါဖြစ်ပွားမှုတို့ လျှော့ချရန် စဉ်ဆက်မပြတ် စောင့်ရှောက်မှု (Continuum of Care) ရရှိရန် လိုအပ်ကြောင်း၊ စဉ်ဆက်မပြတ် စောင့်ရှောက်မှုတွင် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်၊ မီးတွင်းကာလ စောင့်ရှောက်ခြင်းနှင့် မွေးကင်းစကလေးစောင့်ရှောက်ခြင်းများ ပါဝင်သကဲ့သို့ တစ်ဦးချင်းစီ၊ မိသားစုအတွင်း ၊ ပြည်သူလူထုအတွင်း နောက်ဆက်တွဲပြဿနာများ ပေါ်ပေါက်သည့်အခါ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်နေရာ၊ ညွှန်းပို့သည့်နေရာများတွင်ပါ စဉ်ဆက်မပြတ် စောင့်ရှောက်ခြင်းများ ပေးနိုင်ရန်ဆိုလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်(၄)နှင့် (၅)ပြည့်မီစေရေးအတွက် ဆောင်ရွက်ချက်များကို ပြည်နယ်နှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးများက ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဆောင်ရွက်ပြီး ပြည်နယ်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ကိုးခုမှ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးများ၏ တင်ပြချက်များအပေါ် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ)က ခြုံငုံသုံးသပ်ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက်(၄)နှင့်(၅)ပြည့်မီစေရေးအတွက် ဆောင်ရွက်ချက်၊ တင်ပြချက်များနှင့် သုံးသပ်ချက်များအပေါ် လိုအပ်ချက်များကို ဆုံးဖြတ်ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက်က မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးစန်းလွင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။ (ပြည်တွင်းအခွန်)

ရေလမ်းကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၈

ဧရာဝတီမြစ်ကူး ဧရာဝတီတံတား (မကွေး)ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ဧရာဝတီမြစ်ရေကျဆင်းလျက်ရှိပြီး ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇန်နဝါရီ ၂၀ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့်(၃) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၁)နှင့်(၂)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

အဆန်လမ်းအဖြစ် ပြောင်းလဲမည့် ရေလယ်တိုင် အမှတ်(၁)နှင့်(၂)အကြားရှိ ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၂၇ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင် အထက် ၄၆ပေရှိသည်။ အစုန်လမ်းအဖြစ် ပြောင်းလဲမည့် ရေလယ်တိုင်အမှတ် (၂)နှင့်(၃)အကြားရှိ ရေလမ်းကြောင်း၏ ကင်းလွတ် အကျယ်မှာ ၂၄၈ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၅၂ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသား ပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ၂၀ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန် အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း အထောက်အကူပြု သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းမှ ဦးစီး၍ ဝါရင့်ပထမတန်းလက်မှတ်ရ အင်ဂျင်နီယာကြီးများ (M.O.T 1st Class Engineers)မှ သင်ကြားပို့ချမည့် ပဥ္စမအကြိမ်မြောက် တတိယတန်းအင်ဂျင်နီယာ စာမေးပွဲအထောက်အကူပြု သင်တန်းကို ဖေဖော်ဝါရီ ၅ ရက်တွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းကြား (၄၆)လမ်း အမှတ်(၁၅၂/၁၅၄)လေးလွှာရှိ မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း သင်တန်းခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ရှစ်ပတ်ဖြစ်ပြီး စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းသားဦးရေကန့်သတ်ထားသဖြင့် သင်တန်းတက်ရောက်မည့်သူများသည် အထက်ပါသင်တန်းခန်း၌ တနင်္လာနေ့မှ သောကြာနေ့အတွင်း နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း အသေးစိတ်သိရှိလိုပါက ဥက္ကဋ္ဌ ဖုန်း-၀၉-၈၀၃၂၄၉၁၊ အတွင်းရေးမှူး ဖုန်း-၀၉-၈၀၃၀၃၂၆၊ ၀၉-၅၁၃၇၆၈၂၊ ရုံးဖုန်း-၇၂၇၃၉၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဝါးခယ်မ အမက ဘက်စုံပညာထူးချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၈

ဝါးခယ်မမြို့ဈေးရပ်ကွက်အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၉ ရက်နံနက် ၁၀ နာရီက ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်ဝင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာကိုကိုကြီး၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းညွှန့်၊ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီး အဆင့် မူးယစ်ဆေးဝါးကာကွယ်တိုက်ဖျက်တားဆီးရေး ပန်းချီပြိုင်ပွဲ ဒုတိယဆုနှင့် ကျောင်းတွင်း ဘက်စုံတတိယတန်းပထမဆုရ မောင်ရဲဝင်းထက်အား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာကိုကိုကြီးက ဆုချီးမြှင့်ပြီးနောက် ကျောင်းသား၊ ကျောင်းသူလေးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (၁၈၂)

မြင်းခြံမြို့ မာလာဟောဝန်မြိုင်ပန်းခြံအား အဆင့်မြှင့်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ရက်က ပန်းခြံအတွင်း မြေယာရှုခင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအေးမြင့်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လယ်/ဆည်ဝန်ကြီး ဦးဌေးဦးအား ကိုရီးယားဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကိုရီးယားသမ္မတနိုင်ငံ OKPO Welfare Service Management & Cosulting Co.,Ltd. ဥက္ကဋ္ဌ Mr. Kim Woo Choong ဦးဆောင်သော အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်း ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ ဒုတိယညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းသည် ဇန်နဝါရီ ၁၀ ရက်တွင် ကလေးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကိုလည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် တီးတိန်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် တွန်းဇံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတို့ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ဖလမ်းမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၃ ရက်တွင် ဟားခါးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် ထန်တလန်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းများ၌ ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မြဲသည့် လူငယ်များဖြစ်အောင် လေ့ကျင့် သင်ကြားပေးနေမှုများကိုလည်းကောင်း၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ ဒေသခံ တိုင်းရင်းသားသင်တန်းသူများအား ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သည်အထိ အိမ်တွင်းမှု အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးနေမှုများကိုလည်းကောင်း၊ သင်တန်းကျောင်းများအတွင်း ရေ၊ မီး၊ အဆောက်အအုံ၊ သင်ထောက်ကူပစ္စည်းများနှင့် နှစ်ရှည်နှင့် ရာသီသီးနှံစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉-၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)
[၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ ဥပုသ်နေ့]

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး- မောင်မောင်လတ်)
၇:၅၀	၅။	သံသာချို့အေးမင်္ဂလာတေး
၈:၀၀	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀	၇။	အဆိုပြိုင်ပွဲ
၈:၂၀	၈။	"စက်မှုဖွံ့ဖြိုး တို့တိုင်းပြည် အကျိုး"
၈:၄၀	၉။	International News
၈:၄၅	၁၀။	တေးဂီတအစီအစဉ်
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	တေးဂီတအစီအစဉ်
၄:၂၀	၃။	တေးသရုပ်ဖော်အစီအစဉ်
၄:၂၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၃၀	၅။	အတီးပြိုင်ပွဲ
၄:၄၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၅၀	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀	၈။	သီချင်းကြီးပဒေသာ
၅:၁၀	၉။	တေးဂီတအစီအစဉ်
၅:၂၀	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၀	၁၁။	International Science News
၅:၃၅	၁၂။	ဆိုကြပျော်ရွှင် တေးသံစဉ်
၆:၀၀	၁၃။	ညနေခင်းသတင်း
၆:၁၅	၁၄။	မိုးလေဝသအခြေအနေ
၆:၂၀	၁၅။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆:၄၀	၁၆။	ရွှေရင်ခုန်သံ
၇:၀၅	၁၇။	ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၇:၄၀	၁၈။	အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခြင်း
၈:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	"ပျော်ရွှင်ရင်ခုန် ပြကွက်စုံ"
	၂၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၂၈)**
	၂၄။	မြန်မာဗီဒီယိုဇာတ်လမ်း "တစ်မိုးမှုတွဲ့ပဲခူးသူမို့လေ" (နိုင်းနိုင်း၊ နန္ဒာလှိုင်) [ဒါရိုက်တာ- မောင်မောင်ဦး(စနိုးပွိုက်)]
	၂၅။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၂၆။	အစီအစဉ်ပြီး၏။

မော်လမြိုင်တက္ကသိုလ်၊ ကောလိပ် (ပထဝီဝင်)အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

မော်လမြိုင်ကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ် ပထဝီဝင်ဌာနများတွင် ပညာသင်ကြားပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်(သောကြာနေ့) ညနေ ၆ နာရီခွဲတွင် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ တွေ့ဆုံ၍ ညစာစားပွဲ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက်(စနေနေ့) ညနေ ၃ နာရီတွင် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို မမြင့်ကြည် ဖုန်း-၀၉-၄၉၇၇၁၃၅၈၊ မကျင်စွမ် ဖုန်း-၀၉-၄၉၈၀၃၂၉၉၊ မဌေးဌေး ဖုန်း-၀၉-၄၉၇၇၁၂၉၅၊ မမြမြဝင်း ဖုန်း-၀၉-၅၃၂၁၀၄၈၊ ကိုအောင်မြတ် ဖုန်း-၀၉-၈၇၀၀၅၄၄၊ ကိုစိုးသိန်း ဖုန်း-၀၉-၈၇၀-၂၃၁၅၊ ကိုဇေထွဋ်တင် ဖုန်း-၀၉-၅၃၂၁၁၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၁၃၇၂ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်) ဟောပြောစဉ်။ (၅၆၈)

ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်

ရန်ကုန် ဇန်နဝါရီ ၁၈

အလုံမြို့နယ်အတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က အလုံမြို့နယ်ခန်းမ၌ ကျင်းပပြီး အလုံမြို့နယ် သစ်တောရပ်ကွက် ဘုရင့်နောင်အပိုင်အတွင်းရှိ နာတာရှည်ရောဂါဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးဝါး၊ အာဟာရပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(ကြေးမုံ)

ကျောက်တန်း အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

ကျောက်တန်းမြို့ အထကကျောင်းသားဟောင်းများ၏ (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀ နာရီတွင် အသောကရာမပရိယတ္တိစာသင်တိုက် သာသနာ့ဝေပုလ္လမမ္မပိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ယခင်အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြကာ အထက(၁)နှင့် (၂)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားသည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် အသက်(၆၀)ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဒေါ်မြင့်မြင့်စီ ဖုန်း-၀၁-၅၄၅၆၉၉၊ ဒေါက်တာအောင်စည် ဖုန်း-၀၉-၅၁၅၅၉၂၇၊ ၀၅၆-၂၅၆၁၄၊ ဦးတင်ရှိန် ဖုန်း-၀၉-၅၀၀၀၁၈၆၊ ဦးသောင်းထွဋ်ကျော် ဖုန်း-၀၉-၅၁၅၁၇၈၂၊ ၀၅၆-၂၅၄၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပျိုးဥယျာဉ်စစ်ဆေး

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အမှတ် (၁)တွင် ပျိုးပင်များပျိုးထောင်ထားမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

(သတင်းစဉ်)

ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှု လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် ရွှေတောင် သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက်တို့၏ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် ပလူဇဝဒေသ၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ကျောက်မီးသွေး အကြီးစား တူးဖော်ထုတ်လုပ်မှု လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ရွှေတောင်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အမှာစကား ပြောကြားပြီး အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေတောင်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ရွှေတောင်သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းတို့၏ လုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မန်နေဂျင်းဒါရိုက်တာတို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။ ထို့နောက် ဝန်ကြီးက ဓာတ်သတ္တု အကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို မန်နေဂျင်းဒါရိုက်တာထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ကျောက်မီးသွေးအကြီးစားတူးဖော်ထုတ်လုပ်မှု လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို မန်နေဂျင်းဒါရိုက်တာထံ ပေးအပ်စဉ်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၈ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ စစ်သံမှူး Col.Prachern Chaiyakit ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇) အမှတ်(၃) ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇) အမှတ်(၃)တွင် အအေးလွန်မှုကြောင့် ကြက်ငှက်တုပ်ကွေးရောဂါ ပိုဂရုပြုရန်လိုအပ်၊ မီတာခကို ကြိုတင်ငွေပေးကတ်စနစ်ဖြင့် စတင်ဆောင်ရွက်ရန်စီစဉ်၊ ဆောင်းရာသီတုပ်ကွေးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာ ကျန်းမာရေးပညာပေးဆောင်းပါး၊ ဘုရင့်နောင်ကုန်စည်စျေးကွက်နှင့် မန္တလေးကုန်စည်စျေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ဘဏ်လုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းစသည်တို့ ပါရှိသည်။

ဆယ်စုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စစ်ရေးအသုံးစရိတ်လျှော့ချရန် အမေရိကန်ကြေညာ၊ အရှေ့မျှော်လမ်းစဉ် ပိုမိုအားကောင်းစေရန် အိန္ဒိယတိုးမြှင့်လုပ်ဆောင်မည်၊ ကြီးမားဆန်းကြယ်သော အစိမ်းရောင်ဓာတ်ငွေ့အစက်ကြီး အာကာသအပြင်ဘက်တွင် ပထမဆုံးတွေ့ရှိ၊ ကမ္ဘာ့တစ်ဝန်းရှိ စားသောက်ကုန်စျေးနှုန်းများနှင့် ငွေကြေးများတည်ငြိမ်ရေး ပြင်သစ်သမ္မတက ဂျီ-၂၀ အုပ်စု၏ ဥက္ကဋ္ဌအနေဖြင့် အိုဘားမားထံ ထောက်ခံမှုတောင်းခံ၊ စီးပွားရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန် ထိပ်တန်းလက်ထောက်သစ်များ အိုဘားမား ခန့်အပ်စသည့် နိုင်ငံတကာရေးရာသတင်းများ၊ ကားသုံးစီးမီးရှို့မှုအပါအဝင် ပြစ်ချက်ပေါင်း ၂၁ ခု ကျူးလွန်သည့် ငွေတိုးချေးစားသူ ထောင်ဒဏ်ငါးနှစ်နှင့် ကြိမ်ဒဏ် ၂၄ ချက် ချမှတ်ခံရ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင်အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း (၃)ရပ်ကွက်နေ ဗိုလ်ချုပ်မောင်မောင်ဆွေ(ငြိမ်း)-ဒေါ်တင်တင်နွဲ့၊ သား-ကိုစည်သူထင်ကျော်၊ သမီး-မအိသက်သက်ဆွေ၊ သား-ဒေါက်တာကောင်းကျော်ဆွေ မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်မည့် ၆-ထပ်သံဃာ့ဆေးကုသဆောင်သစ်ကြီး၏ အထူးခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

K Future Co., Ltd. မှ သွေးကြောသွင်းဆေးရည်များ ဖြန့်ဖြူး

ရန်ကုန် ဇန်နဝါရီ ၁၈

K Future Co., Ltd. သည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မရှိမဖြစ်လိုအပ်သော ဆေးဝါးများအနက် သွေးကြောသွင်းဆေးရည် ငါးမျိုးကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရယူဖြန့်ဖြူးလျက်ရှိသည်။

အဆိုပါ သွေးကြောသွင်းဆေးရည် ငါးမျိုးမှာ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံ (ရန်ကုန်)နှင့် အင်းရောင်း(ကျောက်ဆည်)တို့မှ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သော ဆေးရည်များဖြစ်ကြောင်း၊ သွေးကြောသွင်းဆေးရည်များ ထုတ်လုပ်နိုင်မှု စွမ်းအားအရ သွင်းကုန်အစားထိုးအဖြစ် ကျန်းမာရေးလိုအပ်ချက်အတွက် ဖြည့်ဆည်းပေးနိုင်သည်။

စျေးကွက်အတွင်း တင်သွင်းသည့် သွေးကြောသွင်းဆေးရည်များကို နမူနာယူ၍မြန်မာနိုင်ငံမှ ထုတ်လုပ်သော သွေးကြောသွင်းဆေးရည်နှင့် အရည်အသွေးတွက်ချက်နည်းစဉ်ဖြင့် စမ်းသပ်စစ်ဆေးရာတွင် Dextrose, Dextrose and Sodium Chloride ,Sodium Chloride နှင့် Compound Sodium Lactate ပါဝင်မှုရာခိုင်နှုန်း အချိုးအစားများမှာ ပြည်ပမှ သွင်းကုန်သွေးကြောသွင်းဆေးရည်များထက် ပိုမိုပြီး အရည်အသွေး သာလွန်တိကျကောင်းမွန်ကြောင်း၊ မြန်မာနိုင်ငံမှထုတ်လုပ်သော သွေးကြောသွင်းဆေးရည်များ၏ အရည်အသွေး ကောင်းမွန်မှု၊ GMP နှင့်အညီ ထုတ်လုပ်ထားရှိမှုတို့တွင် Flip- off Aluminium Cap with Rubber Insert နှင့် အဆင့်မြင့် ပလတ်စတစ် bottle အား သုံးစွဲထားပြီး စျေးနှုန်းတွင်လည်း ပြည်ပမှတင်သွင်းသော သွေးကြောသွင်းဆေးရည်များထက် သက်သာသည့်အတွက် ပြည်တွင်းမှ ထုတ်လုပ်သော သွေးကြောသွင်းဆေးရည်များကို သာ ဦးစားပေးသုံးစွဲလျက်ရှိကြကြောင်း သိရသည်။

K Future Co., Ltd. က ကိုယ်စားလှယ်ရယူဖြန့်ဖြူးနေသည့် Essential Drug Infusion စာရင်းဝင်သွေးကြောသွင်းဆေးရည်ငါးမျိုးမှာ (၁) ၅ရာခိုင်နှုန်း Dextrose Infusion ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် စွမ်းအင်ဖြည့်ဆေးရည်၊ (၂) ၀ ဒသမ ၉ရာခိုင်နှုန်း Sodium Chloride Infusion (Physiological Saline)၊ ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဆိုဒီယမ်ကလိုရိုက်ဓာတ်ဖြည့်ဆေးရည်၊(၃) Dextrose ၅ ရာခိုင်နှုန်း &Sodium Chloride ၀ ဒသမ ၉ ရာခိုင်နှုန်း၊ Infusion (Dextrose & Physiological Saline) ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဆိုဒီယမ်ကလိုရိုက်ဓာတ်နှင့် စွမ်းအင်ဖြည့်ဆေးရည်၊ (၄) Dextrose ၂ ဒသမ ၅ ရာခိုင်နှုန်း & Sodium Chloride ၀ ဒသမ ၄၅ ရာခိုင်နှုန်း Solution (½ Strength DPS) ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဆိုဒီယမ်ကလိုရိုက်ဓာတ်နှင့် စွမ်းအင်ဖြည့်ဆေးရည်၊ (၅) Ringer's Lactate Infusion ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့်ဓာတ်ဆားများဖြည့် ဆေးရည်တို့ ဖြစ်သည်။



ယင်းသွေးကြောသွင်းဆေးရည်များကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၄၉) မြန်မာနိုင်ငံ ဆရာဝန်များအသင်းတိုက်၌ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပမည့် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်များ ညီလာခံ(၂၀၁၁)၌ ပြခန်းခင်းကျင်းကာ သွေးကြောသွင်းဆေးရည်များ မိတ်ဆက်ပြသရောင်းချသွားမည် ဖြစ်ကြောင်းနှင့် အရောင်းကိုယ်စားလှယ် ရယူလိုသူများနှင့် ဝယ်ယူလိုသူများအနေဖြင့် K Future Co., Ltd. တိုက်(၁၇) အခန်း(၃) စံပယ်လမ်း (ယုဇနပလာဇာအနီး) တာမွေမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၇၃၀၉၆၆၆၆နှင့် ၇၃၁၄၆၆၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

❍ **ကျောဖုံးမှ**

ဆမ်ပိုးနား သန္တာကျောက်တန်းဒေသသည် ကမ္ဘာပေါ်တွင် ဇီဝမျိုးအစုံလင်ဆုံးနေရာအဖြစ် ထင်ပေါ်ကျော်ကြားလာခြင်းဖြင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း(eco-tourism)ကို မြှင့်တင်လာနိုင်မည်ဟု မျှော်လင့်ရသည်။

ဘော်နီယိုကျွန်းသည် အပျော်တမ်းရေငုပ်လိုသော ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ပြီဖြစ်သည်။

ဘော်နီယိုကျွန်း၏ မုတ်သုံသစ်တောသည် တိုင်းရင်းသားမျိုးနွယ်စုများ မှီတင်းနေထိုင်ရာ ဖြစ်သည်။ ၎င်းအပြင် ယင်းသစ်တောအတွင်း အူရန်ဂူတန်လူဝံများ ကျက်စားနေထိုင်ကြသည်။

ဆမ်ပိုးနား သန္တာကျောက်တန်းဒေသ၌ ဇီဝမျိုးအမြောက်အမြားကို ရှာဖွေတွေ့ရှိရခြင်းသည် သိပ္ပံပညာရှင်များအတွက်ရော ကမ္ဘာလှည့်ခရီးသည်များအတွက်ပါ စိတ်လှုပ်ရှားဖွယ်ရာ ကောင်းသည်။

မလေးရှားနိုင်ငံသည် အဏ္ဏဝါဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ကာ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကို မြှင့်တင်သွားမည်ဖြစ်သည်။

မလေးရှားဆာဘားပြည်နယ် အရှေ့ဘက်ကမ်းရိုးတန်းဒေသရှိ ဆမ်ပိုးနား သန္တာကျောက်တန်းဒေသ၏ ဂေဟစနစ်ကို လေ့လာနိုင်ရန် နယ်သာလန်နိုင်ငံရှိ ဇီဝမျိုးစုံလင်မှုဗဟိုဌာနက လေ့လာရေးစီမံကိန်းတစ်ရပ်ကို ရေးဆွဲခဲ့သည်။

ဆမ်ပိုးနား သန္တာကျောက်တန်းဒေသ၌ သန္တာမျိုးပေါင်း ၄၃ မျိုး၊ ငါးမျိုးပေါင်း ၈၄၄ မျိုး၊ ပုစွန်မျိုးပေါင်း ၉၀ နှင့် အယ်လ်ဂျေးမျိုးပေါင်း ၁၀၀ ကျော်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အဆိုပါဗဟိုဌာနမှ ဒေါက်တာဘတ်ဟိုဆီမာက ပြောကြားသည်။ ***အင်တာနက်။***

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု " ROYAL LUBRICANTS TRADING CO., LTD." ၏ ကူညီပံ့ပိုးမှုဖြင့် ဇန်နဝါရီ ၂၂ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခ ဒေါက်တာမောင်မောင်စိုး (ဘောဂဗေဒ)က" အချင်းချင်းအပြန်အလှန် လုပ်ဆောင်ခြင်းဖြင့် ကုန်ထုတ်စွမ်းအား တိုးမြှင့်လာခြင်း" (Interdependent Working and Productivity) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ခြင်ဆေးခွေသုံးလျှင် အနီးတွင်
လောင်စာပစ္စည်း မထားနှင့်

Lunar New Year Special အစီအစဉ် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ဝန်ဆောင်မှုအသစ်များဖြင့် ပြန်လည်ပြင်ဆင်ဖွင့်လှစ်ထားသော Chinatown Point Center ၌ ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ Lunar New Year Special အစီအစဉ်ကို ကျင်းပမည်ဖြစ်သည်။

Customer များအနေဖြင့် Chinatown Point Center ရှိ City Mart Super market အပါအဝင် အခြားဆိုင်ခန်းများမှ ငွေရှင်းဖြတ်ပိုင်းများကိုပေါင်း၍ ငွေကျပ် ၅၀၀၀၀ ဖိုးပြည့်တိုင်း ကံစမ်းမဲလက်မှတ်တစ်စောင် ရရှိကံစမ်းနိုင်မည်ဖြစ်သည်။

ရရှိကံစမ်းနိုင်မည့်ဆုများမှာ ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆု ငွေကျပ်သုံးသောင်းတန် ၁၀ ဆုကို နှစ်သစ်ကူးလက်ဆောင်အဖြစ် Shopping Center Gift Voucher များဖြင့် ချီးမြှင့်ပေးမည်ဖြစ်သည်။

ကံထူးရှင်များအား ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီတွင် အနုပညာရှင်များက ရွေးချယ်ပေးမည်ဖြစ်သည်။ Lunar New Year Special အစီအစဉ်ကို Chinatown Point Center နှင့်အတူ Diamond Plus & Wema , Cherry Oo နာရီဆိုင်၊ J'Donuts, Mobile Star နှင့် Tony & Guys Beauty Spa တို့က Sponsor များအဖြစ် ပံ့ပိုးကူညီပေးထားကြောင်း သိရသည်။ (သတင်းစဉ်)

Lunar New Year Special အစီစဉ်ကျင်းပပြုလုပ်မည့် Chinatown Point Center ကို တွေ့ရစဉ်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် သာကေတမြို့နယ် အထက(၃) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို သီရိရတနာခန်းမဆောင်၌ ဇန်နဝါရီ ၈ ရက်က ကျင်းပရာ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် မောင်ကျော်ဟိန်းစိုးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

ဆင္ဌမအကြိမ် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဖလား ရပ်ကွက်၊ ကျေးရွာအုပ်စု ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့ အောင်ဆန်းသူရိယလှသောင်း အားကစားကွင်း၌ ကျင်းပသော ၂၀၁၀-၂၀၁၁ ခုနှစ် ဆင္ဌမအကြိမ် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တော်ပုလဲအသင်းနှင့် ဝက်ကိုက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝက်ကိုက်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ နှစ်သိမ့်ဆုရ ဘောလုံးအသင်းများအား ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးရဲတင့်က လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုများကို ဦးခင်မောင်စိုးက လည်းကောင်း၊ တတိယဆုရ ကမာပါဈေးပိုင်းဘောလုံးအသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကံသိန်းက လည်းကောင်း၊ ဒုတိယဆုရ တော်ပုလဲဘောလုံးအသင်းအား ကွမ်းခြံကုန်းမြို့နယ် ဥက္ကဋ္ဌ ဦးဝေလင်းကလည်းကောင်း၊ ပထမဆုရရှိသော ဝက်ကိုက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်ချီးမြှင့်ခြင်းကို ဦးစိန်တင်ဝင်းက လည်းကောင်း၊ သုံးနှစ်ဆက်တိုက် အနိုင်ရဗိုလ်စွဲသွားသည့် ဝက်ကိုက်အသင်းအား အမျိုးသားတံခွန်စိုက် ဆုဖလားနှင့် ဆုငွေတို့အား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီက လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ၂၀၁၀-၂၀၁၁ ခုနှစ် ဆင္ဌမအကြိမ် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် အနိုင်ရဗိုလ်စွဲသွားသည့် ဝက်ကိုက်အသင်းအား အမျိုးသားတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အထက်ပိုင်းဒေသများ ညအပူချိန်လျော့မည်

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့နှင့် လားရှိုးမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကျောက်ဖြူမြို့တွင် သုည ဒသမ ၅၉ လက်မ၊ ဗန်းမော်မြို့တွင် သုည ဒသမ ၅၅ လက်မနှင့် ရန်ကုန်(မြို့လယ်)တွင် သုည ဒသမ ၄၃ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၉ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဆူမားတြားမြောက်ပိုင်းဒေသ၌ (၅ ဒသမ ၇) အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့ညနေ ၆ နာရီ ၇ မိနစ် ၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၉၅၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားမြောက်ပိုင်းဒေသ)ကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းများနင်းမိ၍ အပြစ်မဲ့ပြည်သူများ ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

ကရင်ပြည်နယ် မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာနေ ဦးသန်းဝင်းသည် တောင်ယာလုပ်ကိုင်ရန် သွားရောက်စဉ် ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီခန့်တွင် ရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိ၍ ယာဘက်ခြေမျက်စိမှ ပြတ်ပြီး ဝဲဘက်ခြေသလုံးနှင့် ဝဲဘက်ပေါင်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။

အလားတူ ကြာအင်းဆိပ်ကြီးမြို့မှ မောင်လှမ်းထက်အောင်သည် ရော်ဘာခြံသို့ သွားရောက်စဉ် ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီခန့်တွင် မြို့၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ယာခြေသလုံးကျိုး၍ ဝဲဘက်ဒူးနှင့် ဝဲဘက် လက်မောင်းတို့တွင် ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဒဏ်ရာရရှိသူများအား မြဝတီမြို့နယ် ပြည်သူ့ဆေးရုံနှင့် ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံများသို့ ပို့ဆောင်ဆေးကုသလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင် ငံ တ ကာ အား က စား သ တင်း နိုင် ငံ တ ကာ အား က စား သ တင်း နိုင် ငံ တ ကာ အား က စား သ တင်း

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲများ စတင် နာမည်ကြီးအများစုနိုင်ပွဲရသော်လည်း အီဗန်နိုဗစ် ပြိုင်ပွဲမှထွက်ရ

မဲလ်ဘုန်း ဇန်နဝါရီ ၁၈

ဩစတြေးလျအိုပင်းတင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၇ ရက်မှ ၃၀ ရက်အထိ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ကျင်းပလျက်ရှိရာ ပွဲဦးထွက် ပထမအဆင့်တွင် နာမည်ကြီးကစားသမားအများစု နိုင်ပွဲအသီးသီးရခဲ့သော်လည်း နာမည်ကြီးတင်းနစ်မယ် အီဗန်နိုဗစ်မှာ ပြိုင်ပွဲမှ စောစီးစွာ ထွက်လိုက်ရပြီဖြစ်သည်။

အမျိုးသားတစ်ဦးချင်း

အမျိုးသားတစ်ဦးချင်း ပထမအဆင့်ပြိုင်ပွဲများကို ကျင်းပခဲ့ရာ နာမည်ကြီးတင်းနစ်ကစားသမားများဖြစ်သည့် ရော်ဂျာဖက်ဒရား၊ ရာဖေးလ်နာဒယ်လ်၊ ဆိုဒါလင်း၊ အင်ဒီမာရေးနှင့် ဒဲလ်ပေါ်ထရိုတို့ နိုင်ပွဲအသီးသီး ရရှိခဲ့သည်။ ဒုတိယအဆင့်ပွဲစဉ်အဖြစ် ရာဖေးလ်နာဒယ်လ်နှင့်ဆီွတင်း၊ ဆိုဒါလင်းနှင့် မူလား၊ ရော်ဂျာဖက်ဒရားနှင့် ဆီမွန်တို့ ဇန်နဝါရီ ၁၉ ရက်(ယနေ့)တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဩစတြေးလျ အိုးပင်း ဒုတိယ အဆင့်သို့ တက်နိုင်ခဲ့သည့် ရော်ဂျာဖက်ဒရား။

ရှာရာပိုဗာ။

အမျိုးသမီးတစ်ဦးချင်း

အမျိုးသမီးတစ်ဦးချင်း ပထမအဆင့်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)ဝေါ့ဇ်နက်ကီ၊ ဇော့ဗ်နာရီဗာ၊ ကင်ကလစ္စတား၊ ဆရီနာဝီလျံ၊ ရှာရာပိုဗာ၊ ဂျပ်စ်တင်ဟေနင်စသည့် နာမည်ကြီး တင်းနစ်မယ်များ နိုင်ပွဲရခဲ့သော်လည်း ဆားဘီးယားတင်းနစ်မယ် အီဗန်နိုဗစ်မှာ မာကာရိုဗာကို ရှုံးပြီး ပြိုင်ပွဲမှာ စောစီးစွာ ထွက်လိုက်ရပြီဖြစ်သည်။ ***အင်တာနက်။***

ဒါရင်ဘန့်အား ပေါင် ၂၄ သန်းဖြင့် ဗီလာခေါ်ယူမည်

လန်ဒန် ဇန်နဝါရီ ၁၈

ပရီမီယာလိဂ်တွင် တန်းမဆင်းရရေး ရုန်းကန်နေရသည့် ဗီလာအသင်းသည် ဆန်းဒါးလန်းမှ အင်္ဂလန်တိုက်စစ်မှူး ဒါရင်ဘန့်အား ပေါင် ၂၄ သန်းဖြင့် ခေါ်ယူမည်ဟု သိရသည်။

အသက်(၂၆)နှစ်ရှိ ဒါရင်ဘန့်သည် ဇန်နဝါရီ ၁၉ ရက်(ယနေ့)တွင် ဗီလာကွင်းသို့ သွားရောက်၍ ဆေးစစ်မှုခံယူမည်ဖြစ်သည်။ ဗီလာအသင်းသည် ယခင်က ဒါရင်ဘန့်ကို ခေါ်ယူရေး ပေါင် ၁၅ သန်းဖြင့် တစ်ကြိမ်၊ ပေါင် ၁၈ သန်းဖြင့် တစ်ကြိမ် ကမ်းလှမ်းခဲ့ဖူးရာ နှစ်ကြိမ်လုံး မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် ယခုတွင်မူ အသင်း၏ သမိုင်းတစ်လျှောက် အမြင့်ဆုံး စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းကာ ခေါ်ယူရန် ပြင်ဆင်လာခြင်း ဖြစ်သည်။

ဒါရင်ဘန့်သည် ဆန်းဒါးလန်းတွင် ၁၈ လတာ ကစားခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ၁၁ ဂိုး သွင်းပေးထားသည်။ ထို့ပြင် ၎င်းသည် ပရီမီယာလိဂ်တွင် ၂၀၀၅ ခုနှစ်မှ ယခုနှစ်အထိ ၈၁ ဂိုးတိတိ သွင်းပေးထားနိုင်သည့် တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်သည်။ ***အင်တာနက်။***



ဗီလာသို့ ပြောင်းရွှေ့တော့မည့် ဆန်းဒါးလန်းတိုက်စစ်မှူး ဒါရင်ဘန့်။

ဝင်းတင်(ကြေးမုံ)

မန်ယူဂိုးသမားဟောင်းကြီး ရှမိုက်ကယ်။

ရှမိုက်ကယ်က ဗန်ဒါဆားကို နောက်ထပ်တစ်ရာသီကုန်အထိ ထိန်းထားရန် ဖာဂူဆန်အား တိုက်တွန်း

မန်ချက်စတာ ဇန်နဝါရီ ၁၈

မန်ချက်စတာယူနိုက်တက်အသင်း၏ ဂန္ထဝင်ဂိုးသမားကြီးဖြစ်သူ ပီတာရှမိုက်ကယ်က ဂိုးသမား အက်ဒွင်ဗန်ဒါဆားကို နောက်ထပ်တစ်ရာသီကုန်အထိ အသင်း၌ ဆက်လက်ရှိနေစေရန် လုပ်ဆောင်ထားရန် နည်းပြ ဆာအဲလက်စ်ဖာဂူဆန်အား တိုက်တွန်းပြောကြားလိုက်သည်။

ဒတ်ချ်လက်ရွေးစင်ဂိုးသမား ဗန်ဒါဆားအတွက် ယခုနှစ် ဘောလုံးရာသီသည် နောက်ဆုံးဖြစ်ဖွယ်ရှိပြီး ဖာဂူဆန်ကိုယ်တိုင်ကလည်း ထိုအချက်ကို လက်ခံပေးထားပြီးဖြစ်သည်။

မန်ချက်စတာယူနိုက်တက်၏ နံပါတ်ဝမ်းဂိုးသမားဟောင်းကြီးက အသက်(၄၀)အရွယ် ဗန်ဒါဆားကို နောက်ထပ်တစ်ရာသီဆက်ကစားနိုင်မည်ဟု ယုံကြည်ထားသည်။

“မန်ယူအသင်းနဲ့ အံဝင်ခွင်ကျဖြစ်တဲ့ ဂိုးသမားတွေအများကြီးရှိပေမယ့် ဗန်ဒါဆားကို နောက်ထပ်တစ်ရာသီတော့ အသင်းမှာဆက်ရှိစေချင်တယ်”ဟု ဒိန်းမတ်ဂိုးသမားဟောင်းကြီးက သတင်းမီဒီယာတစ်ရပ်သို့ ပြောသွားခဲ့သည်။

မန်ယူက နော်ဝေကလပ်တစ်သင်းမှ ခေါ်ယူစာချုပ်ထားသည့် ဒိန်းမတ်လူမျိုး ဂိုးသမား အန်ဒရက်စ်လင်ဒီဂေါ့ဒ်နှင့် ပတ်သက်၍ ရှမိုက်ကယ်က “လင်ဒီဂေါ့ဒ်က ပင်ကိုအရည်အချင်းရှိတဲ့ ဂိုးသမားတစ်ယောက်ဆိုတာ ကျွန်တော်တို့အားလုံးသိထားပေမယ့် သူ့ရဲ့အသက်အရွယ်နဲ့ အတွေ့အကြုံမရင့်ကျက်သေးတာကြောင့် လူအများစုက သူဘယ်လောက်စွမ်းဆောင်နိုင်သလဲဆိုတာ မသိကြပါဘူး”ဟု ဆိုခဲ့သည်။

“ပြီးခဲ့တဲ့ ခြောက်လအတွင်း သူဘယ်လောက်ပဲ ကောင်းကောင်းကစားခဲ့နိုင်ပေမယ့် မန်ယူအသင်းအတွက် ဆယ်နှစ်ဆယ်မိုး လက်စွမ်းပြကစားနိုင်ပါ့မလား”ဟုလည်း မေးခွန်းထုတ်ခဲ့သည်။

ပီတာရှမိုက်ကယ်သည် မန်ယူအတွက် ၃၉၈ ပွဲ ကစားပေးခဲ့ပြီး တစ်ဂိုးသွင်းယူပေးခဲ့ဖူးသည်။ ***အင်တာနက်။***

စိုးတင့်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာ

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

Q. Situation of $_{14}Si$ in Periodic table.

Period number → 3

Group number → IV B

Q. Classify the following elements.

Li, S, Ne, B

Li → [illegible] → alkalimetal

S → nonmetal

Ne → noble gas

B → ~~nonmetal~~ → metalloid

Q. What type of bond exists between $_{[illegible]}A$ and $_{[illegible]}B$? Write the e^- dot-cross structure of the compound formed.

Covalent bond exists between $_{[illegible]}A$ and $_{[illegible]}B$. e^- dot-cross structure

[illegible]

[illegible]

Q. Define Boyle's Law in mathematically only.

$V \propto \frac{1}{P}$ (mass and temperature are kept constant)

P = Pressure of the gas

V = volume of the gas

Q. What is the volume of the gas at 27°C when the volume of this gas at 30°C is 380 cm³?

Initial state	Final state
$T_1 = 30°C + 273$	$T_2 = 27°C + 273$
$= 303\ K$	$= 300\ K$
$V_1 = 380\ cm^3$	$V_2 = ?$

According to Charles' Law,

$$\frac{V_1}{T_1} = \frac{V_2}{T_2}$$

$$V_2 = \frac{V_1 T_2}{T_1} = \frac{380\ cm^3 \times 300\ K}{303\ K} = 376.24\ cm^3$$

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

Q. Calculate the mass of copper deposited at the cathode when 0.1 A current is passed through copper II sulphate solution for 20 minutes.

(Cu = 63, 1F = 96500 C)

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❁

(19-1)15-16.pmd 1 1/19/2011, 1:31 AM

❁ စာမျက်နှာ ၁၅ မှ

$Q = It = 0.1\ A \times (20 \times 60)\ s = 120\ C$

$Cu^{2+} + 2e^- \rightarrow Cu$

2 mol	1 mol
2 F	63 g
2 x 96500 C	63 g
120 C	?

Chapter (5) မှာတော့ ဓာတ်တိုးဓာတ်လျော့ခြင်း (oxidation-reduction) နဲ့ ပတ်သက်တဲ့ အခြေခံများ၊ definition များ၊ atom တစ်ခုချင်းရဲ့ oxidation number များတွက်နိုင်ခြင်း၊ Redox reaction များရဲ့ equation တွေကို ညှိနိုင်တဲ့ ပုစ္ဆာတွေကို မေးလေ့ရှိပါတယ်။ compound မှာပါတဲ့ atom တစ်ခုရဲ့ oxidation number တွက်နိုင်တဲ့အခါမှာ compound ထဲက oxidation number သိတဲ့ atom များရဲ့ oxidation number ကို (+) (-) သင်္ကေတများဖော်ပြပြီး တွက်ချက်ရပါမယ်။ ဥပမာ- NO_3^- မှာ oxygen (၃)ခုအတွက် (-2) x 3 လို့ဖော်ပြရပါမယ်။ oxygen တစ်ခုစာဖော်ပြတဲ့ ပေါင်းပြီး (-6) လို့ ဖော်ပြရင်လည်းအမှတ်လျော့ပါမယ်။ အခြေမှာလည်း oxidation number ဖော်ပြရင် လက္ခဏာ ထည့်ရပါမယ်။

Q. Find the oxidation number of nitrogen in NO_3^-.

$N + 3(O) = -1$ | $N + 3(O) = -1$

$N + 3(-2) = -1$ | $N - 6 = -1$

$N = +5$ | $N = 5$

ထို့နည်းတူစွာပဲ equation ကို balance လုပ်တဲ့အခါ oxidation number method နဲ့ညှိမယ်ဆိုရင် ဓာတ်တိုးဓာတ်လျော့ဖြစ်တဲ့ atom တွေပေါ်မှာ oxidation number ကို ဖော်ပြရပါမယ်။ oxidation ဖြစ်တဲ့ atom အတွက် electron ဆုံးရှုံးမှုကိုပြရင် အဲဒီ electron အရေအတွက်ရဲ့ ရှေ့မှာ အနုတ်လက္ခဏာပါရပါမယ်။ atom တစ်ခုရဲ့ oxidation number ကို မေးတဲ့ ပါဝင်တဲ့ atom အားလုံးရဲ့ charges ကို ပေးထားရင် အမှတ်လျော့ပါလိမ့်မယ်။

Chapter (6) မှာတော့ rate of reaction နဲ့ chemical equilibrium တို့နဲ့ဆိုင်တဲ့ definition တွေ၊ သတ်မှတ်ချက်များ အချက်အလက်တွေရဲ့ chemical equilibrium အပေါ် အပူချိန် (သို့မဟုတ်) ဖိအား (သို့မဟုတ်) ပါဝင်ကိန်း ပြောင်းခြင်းကြောင့် သက်ရောက်မှု ဘယ်လိုဖြစ်နိုင်သလဲဆိုတဲ့ မေးခွန်းမျိုးတွေ မေးတတ်ပါတယ်။ definition နဲ့ factor တွေကတော့ အလွတ်ကျက်ရမှာ ဖြစ်တော့ ပေးထားတဲ့ အမှတ်တွေအပေါ် မူတည်ပြီး အပူချိန် ဖိအား ပါဝင်ကိန်း သက်ရောက်မှုတွေ ရေးရမှာဖြစ်တဲ့အခါမှာ အမှတ်တွေ လျော့တတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမေးခွန်းကိုဖြေတဲ့အခါ ဓာတ်ပြုခြင်းက ဘယ်လိုဓာတ်ပြုခြင်းဖြစ်လဲ၊ အပူပေါ် ဘယ်လိုသက်ရောက်မှုရှိသလဲ၊ ဒီသက်ရောက်မှုကြောင့် ဓာတ်ပြုခြင်းက ဘယ်ဘက်ကို ဦးတည်မလဲ၊ equilibrium မှာ ဘယ် product တွေများလာသလဲဆိုပြီး အချက် (၄)ချက်ပါရပါမယ်။

Q. What will be the effect on the following equilibrium if the temperature and pressure were increased?

$N_2(g) + 3H_2(g) \rightleftharpoons 2NH_3(g) + heat$

1 mol 3 mol	2 mol
4 mol	2 mol
4 vol	2 vol

- The forward reaction is exothermic reaction and reverse reaction is endothermic reaction.
  If the temperature is increased, endothermic reaction is favored.
  The equilibrium will shift to the left/ reverse reaction will favour.
  Concentration of NH_3 will decrease./ Concentration of H_2 and N_2 will increase.
- The forward reaction is volume decreasing reaction and reverse reaction is volume increasing reaction.
  If the pressure is increased, volume decreasing reaction is favored.
  The equilibrium will shift to the right/ forward reaction will favour.
  Concentration of NH_3 will increase./ Concentration of H_2 and N_2 will decrease.

Chapter (7) မှာတော့ ဓာတုဓာတ်ပြုခြင်းတစ်ခုနဲ့ဆိုင်တဲ့ heat change တွေအကြောင်းပါ။ အဲဒီအခန်းမှာတော့ definition၊ ဓာတ်ပြုသည့်အပူအတွက် thermochemical equation ရေးနိုင်ခြင်းနဲ့ Hess's Law ပုစ္ဆာ တွက်နိုင်ခြင်းတွေကို မေးလေ့ရှိပါတယ်။

Thermochemical equation တွေရေးနိုင်တဲ့အခါမှာ substance တွေရဲ့ physical state တွေပါပြီး heat change ကိုလည်း ထည့်ပေးရပါမယ်။ heat change တွေရေးရာမှာလည်း အပေါင်း သို့မဟုတ် အနုတ်လက္ခဏာ ပါရပါမယ်။ ဒီ Hess's Law ပုစ္ဆာတွက်တဲ့အခါ တချို့ကျောင်းသား အမှတ်လျော့တတ်ပါတယ်။ ဘာကြောင့်လဲဆိုရင် physical state မပါတာ၊ equation balance မဖြစ်တာ၊ heat change မှာ လက္ခဏာ မပါတာ၊ unit မှာ $kJmol^{-1}$ ထည့်ရမှာကို kJ ပဲ ထည့်ထားတာတွေကြောင့် အမှတ်လျော့ရပါတယ်။ equation ကို ကိန်းတစ်ခုနဲ့ မြှောက်ရင် heat change နဲ့ unit မှာ kJ ပဲ ဖြစ်ပြီး per mole ဖြုတ်ရပါမယ်။ အဲဒါကို per mole ပြန်ထည့်ထားတာတွေကြောင့် အမှတ်လျော့တတ်ပါတယ်။

Q. Write down the thermochemical equation of combustion of hydrogen in air.

$$H_2(g) + \frac{1}{2} O_2(g) \longrightarrow H_2O\ (l) \qquad \Delta H^\circ = -Q\ kJmol^{-1}$$

This equation is multiply by 2.

$$2H_2(g) + O_2(g) \longrightarrow 2H_2O\ (l) \qquad \Delta H^\circ = -2Q\ kJ$$

equation ကို reverse လုပ်ရင် heat change ရဲ့ လက္ခဏာပြောင်းပေးရပါမယ်။ unit မှာ per mole ဖြုတ်ရပါမယ်။ ဒါကြောင့် ဒီပုစ္ဆာ လွယ်ပေမယ့် ဂရုစိုက်ရေးရမှာတွေ အများကြီး သေချာတွက်မှ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

Chapter (8 နဲ့ 9) က metallurgy ပါ။ ဒီအခန်းတွေမှာတော့ metal တွေကို သန့်စင်ရာ သတ္တုရိုင်း (ore) တွေကနေ ထုတ်ယူပုံ သတ္တုများပါတဲ့ ဖြစ်ပေါ်ပုံတွေရဲ့ ထုတ်ယူပုံ သတ္တုရဲ့ သတ္တုပါဝင်သော ဖြစ်ပေါ်ပုံတွေရဲ့ ဓာတ်ပြုနိုင်မှုတူညီတဲ့ (chemical reaction equation)၊ ore နဲ့ ဖြစ်ပေါ်ပုံတွေရဲ့ common name, chemical name, chemical formula နဲ့ အသုံးပြုပုံတွေကို မေးလေ့ရှိပါတယ်။ ဒါ့အပြင် steel တွေ alloy တွေရဲ့ composition တွေကိုလည်း မေးတတ်ပါတယ်။

ဥပမာ- washing soda နဲ့ backing powder တို့ရဲ့ chemical name နဲ့ formula ရေးနိုင်ရင် washing soda က sodium carbonate, Na_2CO_3 ဖြစ်ပြီး backing powder က sodium hydrogen carbonate, $NaHCO_3$ ဖြစ်ပါတယ်။ ဒါကြောင့် ore နဲ့ compound တွေရဲ့ formula, chemical name နဲ့ အသုံးပြုပုံတွေကို သိရှိအောင်လေ့လာ ရေးဖြေပြီး ကျက်မှတ်ထားဖို့ လိုပါတယ်။ ဒါ့အပြင် steel တို့ alloy တို့ရဲ့ composition တွေကို အသေအချာ မှတ်သားထားဖို့လည်း လိုအပ်ပါတယ်။

Chapter (10, 11 နဲ့ 12) ကလည်း ဓာတ်ငွေ့များရဲ့ လက်တွေ့နမူနာ ထုတ်ယူခြင်း ဓာတ်ခွဲများမှ အခြေခံအခြေအထုတ်ယူခြင်းနဲ့ သုတ်လိမ်းနိုင်တဲ့ ဓာတ်တွေထဲမှာ ဓာတ်ပြုခြင်းတွေကို မေးလေ့ရှိပါတယ်။ ဒီအခန်းမှာလည်း တည်ဆောက်ပုံ ဓာတ်ငွေ့ ထုတ်ယူခြင်းနဲ့ manufacture တွေမှာ (၁)မှတ်နဲ့ (၂)မှတ်မေးခွန်းတွေကို ဖြေနိုင်မယ်ဆိုရင် (၁)မှတ်အတွက်နဲ့ (၂)မှတ်အတွက် မေးခွန်းတွေကို ဖြေနိုင်မှသာ အမှတ်ပြည့်ရနိုင်မှာပါ။ ဒါကြောင့် အမှတ်များများ ရအောင်ပြည့်စုံစွာ ရေးသားနိုင်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။ ဓာတ်ငွေ့ ထုတ်ယူခြင်းတွေမှာ လိုအပ်တဲ့ အချက်အလက်တွေကို တိတိကျကျ ရေးဖြေရပါမယ်။ chemical ပုံသေနည်း heat ပါ မပါ၊ gas ရအောင်နဲ့ ဓာတ်ငွေ့က ဓာတ်ခွဲခန်းထဲမှာ ပြင်ဆင်ပြီး ကြောင်းလေ့လာ ဖြည့်စွက်ဖြေရမည့် ဓာတ်ပြုပုံတွေကို မှန်ကန်အောင် ရေးရပါမယ်။

Chapter (13) မှာတော့ definition များ၊ acid ပျော်ရည်၊ base ပျော်ရည်တို့ရဲ့ strength တိုင်းတာနည်းများ၊ ပေါင်းပြီး pH, pOH တွက်ချက်ပုံများ၊ နောက် pK_a တန်ဖိုးတွက်ချက်ပုံများ၊ acid ပျော်ရည်၊ base ပျော်ရည်တို့ရဲ့ H^+ ion, OH^- ion concentration တွက်ချက်ပုံများ၊ ဆားရည်တို့ ရေနှင့် ဓာတ်ပြုခြင်းအကြောင်းများနဲ့ buffer ပျော်ရည်ရဲ့ pH တွက်ချက်ပုံတွေကို မေးလေ့ရှိပါတယ်။

ဒီအခန်းက dissociation equation တွေရေးတဲ့အခါ physical state တွေကို အမှန်(၇)မှာ လို ထည့်ပေးရမှာ သတိထားရပါမယ်။ အဲဒီအတွက် အမှတ်တွေ လျော့နေတတ်တာ တွေ့ရပါတယ်။

Buffer နဲ့ pH တွက်တဲ့ပုစ္ဆာတွေဖြေတဲ့အခါမှာ buffer ထဲပါတဲ့ ပျော်ရည်တွေရဲ့ concentration ကို သတ်သတ်တွက်ပေးဖို့လိုပါတယ်။ တွက်ပေးထားတာ အမှတ်တွေလျော့စေပါတယ်။ ပါဝင်ပျော်ရည်တို့ရဲ့ dissociation equation ရေးတဲ့အခါမှာလည်း physical state ထည့်ဖို့ မြှားလေးကြောင်း (သို့မဟုတ်) reversible မြှားတွေကို မှန်ကန်အောင်ထည့်ပေးဖို့ သတိပေးလိုပါတယ်။

ဆက်ပြီးတော့ pH တွက်တဲ့အခါမှာလည်း အဆင့်ဆောင်တဲ့ log ကို သေချာကြည့်ပြီး အဖြေမှန်အောင် တွက်ဖို့ လိုပါတယ်။

Chapter (14) Organic Chemistry ကတော့ organic compound များရဲ့ထုတ်ယူပုံနဲ့ ဓာတ်ပြုတဲ့သည့်ဆိုင်ရာ equation တွေ၊ အမည်ပေးခြင်းဆိုင်ရာတွေ၊ ပြောင်းလဲခြင်းတွေ၊ ပုစ္ဆာတွေကို ဖြေဆိုနိုင်ရမှာပါ။ ဒါပေမယ့် ဒီ equation တွေကိုလေ့လာကျက်မှတ်တဲ့အခါ ပါဝင်တဲ့ ဖွဲ့စည်းပုံ၊ ရေးသားပုံ၊ ကျောင်းသားတွေမှားလေ့ရှိတာကို သတိပြုဖို့ လိုပါတယ်။ ပေးထားတဲ့ compound မှာပါတဲ့ carbon တွေမှာ ဓာတ်ရည် (၄)ခုမဟုတ်တဲ့ ဖြစ်သလောက်တွေ တွေ့ရတတ်ပါတယ်။ ဒါ့အပြင် equation တစ်ကြောင်းလုံး အမှတ်ပေးမှုရှိပါသလား။

ဥပမာ isopropyl chloride မှာ $CH_3CHClCH_3$ ရေးရမှာကို $CH_3CH_2ClCH_2$ ရေးမိတဲ့ပုံစံတွေ ရှိပါတယ်။ Reaction condition တွေကလည်း မှန်ရင် အမှတ်ရတဲ့ အကြောင်းအရာ တစ်ခုပဲ ဖြစ်ပါတယ်။

ဒီအခန်းအတွက် အဓိက မှတ်ရမှာကတော့ organic chemistry ပဲဖြစ်ပါတယ်။ နောက်ပြီး petroleum chemistry မှာပါတဲ့ definition တွေ၊ သုတ်နိုင်တဲ့ equation တွေ၊ ပုစ္ဆာ သုံးခုဖြစ်တဲ့ ဆန်းစစ်ရာမှာ အလားအလာ လောင်စာတွေအကြောင်း မေးတတ်ရာတော့ (၁)မှတ်နဲ့ (၂)မှတ် အမှတ်ပြည့်ရအောင် ဖြေနိုင်မှာ ဖြစ်ပါတယ်။

နောက်ဆုံး Chapter ဖြစ်တဲ့ Chapter (15) ကတော့ လူနေမှုဘဝမှာ လိုအပ်ချက် စား ဝတ် နေ ထိုင်တဲ့ အရာတွေပါမှာ တော့ဓာတုဗေဒရဲ့ အဓိက ကဏ္ဍတွေကိုသင်ကြားဖြစ်တဲ့အတွက် မေးတဲ့အခါမှာလည်း ကျယ်ကျယ်ပြန့်ပြန့် မေးလေ့ရှိတာတွေ ရှိပါလိမ့်မယ်။ အစားအသောက် ထိန်းသိမ်း အထူးစုတ်ခြင်း အကြောင်း၊ ဆီဓါတ်ဆား ရောက်လုပ် အဆင့်ဆင့်အကြောင်း၊ သိပေါင်းပြုမှု ထုတ်လုပ်ခြင်းအဆင့်ဆင့် အကြောင်းတွေကို အသေးစိတ်မေးနိုင်တာတော့ကြောင့် သေသေချာချာ ကျက်မှတ်ထားဖို့ လိုပါတယ်။ ဒါ့အပြင် ဒီနေ့ လူတို့ရဲ့ နေ့စဉ်သုံးပစ္စည်းများ အများဆုံးသုံးစွဲနေတဲ့ plastic polymer တွေအကြောင်း ဆပ်ပြာနဲ့ဆပ်ပြာမှုန့် ဆေးဝါးတွေနဲ့ ဓာတ်မြေဩဇာတွေအကြောင်းကိုလည်း definition တွေ၊ equation တွေရဲ့ မေးတတ်ပါသေးတယ်။ ဒါကြောင့် ဒီကဏ္ဍတွေကိုလည်း အသေးစိတ်ကျက်မှတ်ရပါမယ်။ ဒီအခန်းက ရေရှည်ပစ်ပြီးမှတ် နံပါတ် (၆)မေးခွန်းမှာ မေးလေ့ရှိတော့ ဒီအခန်းကိုသာ သေသေချာချာမှတ်ထားရင် (၂)မှတ်နဲ့ မေးခွန်းတွေကို အမှတ်ပြည့်ရနိုင်မှာပါ။

အခု chapter တစ်ခုချင်းအလိုက် မေးတတ်တဲ့မေးခွန်းတွေရဲ့ အမှတ်ပေးပုံတွေ အမှတ်လျော့ အသေးစိတ်ရေးသားပြီး ဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာ ကျက်မှတ်ရမယ်ဆိုတာ သဘောပေါက်ပြီလို့ထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ် နှံ့နှံ့စပ်စပ်ကျက်မှတ်ပြီးပြီဆိုရင် ဖတ်စာအုပ်မှာပါတဲ့ questions and problems တွေကိုဖြေကျင့်ပါ။ မေးခွန်းဟောင်းတွေမှာပါတဲ့ ဒီ chapter ရဲ့ မေးခွန်းတွေကို ဖြေကြည့်ပြီး လုံလောက်တဲ့ အခါမှ ဒီလို လေ့ကျင့်မှုတွေ လုပ်ပြီးမှ နောက် chapter တစ်ခုကို ဆက်ပြီး ကျက်မှတ်ပါ။

တပည့်တို့ကို အသေးစိတ် ထပ်ပြီးမှာကြားချင်တာကတော့

(၁) စာတွေအားလုံးကို Grade XI Chemistry Textbook မှာပါတဲ့ သင်ခန်းစာအားလုံးကို အစမှအဆုံး အခန်းလိုက်လေ့လာပြီးမှ နားလည် သဘောပေါက်အောင် လေ့ကျင့်ထားပါ။

(၂) အခန်းတိုင်းမှာပါတဲ့ Definition များကို အလွတ်ရအောင်ကျက်မှတ်ထားပါ။

(၃) တွက်ချက်မှုဆိုင်ရာမေးခွန်းအတွက် သင်္ကေတများ အဆင့်ဆောင်ပြီး တွက်နိုင်အောင် လေ့ကျင့်ထားပါ။

(၄) ဓာတ်ငွေ့ထုတ်ယူပုံနှင့် ဖြစ်ပေါ်ပုံများ အခြေခံအဆင့် ထုတ်ယူပုံ၊ သတ္တုနိုင်မှု သန့်စင်သော သတ္တုများထုတ်ယူပုံတို့ကို ပုံများနှင့်တကွ ကျက်မှတ်ထားပါ။

(၅) ဓာတ်ငွေ့များ ဖြစ်ပေါ်ပုံများ၏ ရုပ်လက္ခဏာ၊ ဓာတုဂုဏ်သတ္တိ၊ အသုံးဝင်ပုံတို့ကို နှိုင်းယှဉ်လေ့လာ လေ့ကျင့်ထားပါ။

(၆) ဓာတ်ပြုခန်းတွေကိုနှင့် လူနေမှုဘဝအတွက် အသုံးဝင်သော ပစ္စည်းများကို ပိုင်နိုင်အောင် လေ့ကျင့်ထားပါ။

(၇) Objective type question များကို Textbook ပါအကြောင်းအရာ အားလုံး နှံ့စပ်အောင် မေးခွန်းဟောင်းများကို လေ့လာထားပါလို့ မှာကြားချင်ပါတယ်။

နောက်ဆုံးအနေနဲ့ပြောချင်တာကတော့ တပည့်တို့အနေနဲ့ လာမယ့် ၂၀၁၁ ခုနှစ်စာမေးပွဲကို ကောင်းမွန်စွာဖြေဆိုနိုင်ဖို့အတွက် စာရာ အရာများရဲ့ သင်ကြားပြသမှု စိတ်ရှိနဲ့ ကြိုးစား အားထုတ်မှုတွေကို အခုကတည်းကစပြီး ကျေနပ်ရောင့်ရဲတဲ့အထိ လေ့ကျင့်ထားမယ်ဆိုရင် တပည့်တို့အနေနဲ့ ကောင်းမွန်တဲ့ရလဒ် ရရှိမှာဖြစ်ပြီး ဂုဏ်ထူးများ ရရှိသောကျောင်းသား၊ ကောင်းမွန်မှုရရှိသော အောင်မြင်မှုအထိ ရောက်ရှိနိုင်ကြမှာ ဖြစ်ကြောင်း လမ်းညွှန်မှာကြားလိုက်ရင်း ဒီမှာပဲရပ်နားလိုက်ပါတယ်။ ♦

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ဘော်နီယိုကျွန်း ဆမ်ပိုးနားသန္တာကျောက်တန်းဒေသ ကမ္ဘာပေါ်တွင် ဇီဝမျိုး အစုံလင်ဆုံးနေရာ ဖြစ်နိုင်ဖွယ်ရှိ

ဘာသာပြန် ရေးမောင်

ကွာလာလမ်ပူ ဇန်နဝါရီ ၁၈

ဘော်နီယိုကျွန်း ဆမ်ပိုးနားသန္တာကျောက်တန်းများသည် ကမ္ဘာပေါ်တွင် ဇီဝမျိုး အစုံလင်ဆုံး နေရာတစ်နေရာဖြစ်ဖွယ်ရာရှိကြောင်း မလေးရှား၊အမေရိကန်နှင့် နယ်သာလန်နိုင်ငံတို့မှ သိပ္ပံပညာရှင်များ အဖွဲ့တစ်ဖွဲ့က ထုတ်ပြန်ကြေညာကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖော်ပြပါနိုင်ငံသုံးနိုင်ငံမှ သိပ္ပံပညာရှင်များအဖွဲ့သည် ဆမ်ပိုးနား သန္တာကျောက်တန်းဒေသ၌ ရက်သတ္တသုံးပတ်ကြာမျှ အဏ္ဏဝါဗေဒစူးစမ်းလေ့လာမှုတစ်ရပ်ကို ပြုလုပ်ခဲ့ရာတွင် ဇီဝမျိုးပေါင်း ၉၀၀ ခန့်အထိ ရှာဖွေတွေ့ရှိခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

ဘော်နီယိုကျွန်း ဆမ်ပိုးနား သန္တာကျောက်တန်းဒေသ၌ ပင်လယ်ရေအောက်သို့ ငုပ်လျှိုးကာလေ့လာကြည့်ရှုကြမည့် ကမ္ဘာလှည့်ခရီးသည်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၅)နှင့်(၁၆)တွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာရပ် သင်ခန်းစာကို ဖော်ပြထားပါသည်။

ထူးခြားသည့် ညအပူချိန်များ

၁၈-၁-၂၀၁၁

ဟားခါး	၁	ဒီဂရီစင်တီဂရိတ်
ပူတာအို	၂	ဒီဂရီစင်တီဂရိတ်
မချမ်းဘော	၅	ဒီဂရီစင်တီဂရိတ်
လားရှိုး	၅	ဒီဂရီစင်တီဂရိတ်

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့နံနက် ၁ နာရီ မိနစ် ၅၀ ၅၆ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက်မိုင် ၁၈၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားတောင်ပိုင်းဒေသ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၁၈

ယနေ့နံနက် ၈ နာရီ ၄၈ မိနစ် စက္ကန့် ၃၀ တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက်မိုင် ၂၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖောင်းပြင်မြို့နယ် ရွှေညောင်ပင်ကျေးရွာ၏ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)